မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မျှော်မှန်းသည်ထက်ပိုမိုအောင်မြင်မှုရရှိ လူမှုစီးပွားအခွင့်အလမ်းများပေါ်ထွန်းလာသည်ကို ပီတိဖြစ်နေရုံဖြင့်မလုံလောက်

ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၈)ကို ယနေ့ညနေ၃နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့ ရွေးကောက်ပွဲ ရလဒ်ဟူသည် ဥပဒေအရ ၁၉၉၄ခုနှစ် မေလ၂၆ရက်နေ့ကတည်းက သက်တမ်းကုန် ပျက်ပြယ်ခဲ့ပြီဖြစ်သည်။ ဤနိုင်ငံ၊ ဤကမ္ဘာ မဆိုထားနှင့် ဤစကြဝဠာတစ်တိုက်လုံး၌ နှစ်ပေါင်း၂၀ကျော် အမတ်ဘဝ တည်မြဲသည်ဆိုသော ရွေးကောက်ပွဲမျိုး မပေါ်ဖူးသေးချေ။

ဇာတ်ဆရာမောင်ကျော်ဒိုး၏ ဆောင်းပါး စာ - ၁၀တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၂၇ ရက်)

နိုင်ငံ့အကျိုးစီးပွား ဖြစ်ထွန်းရေး သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်လုပ်

မြန်မာနိုင်ငံ အနှံ့အပြားတွင် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးများ သဘာဝအလျောက် ပေါက်ရောက်လျက် ရှိသည်။

ဝါးကို ကျေးလက်ဒေသများ၌ နေအိမ်၊ အသုံးအဆောင်ပစ္စည်းများနှင့် မြို့ပြ ဆောက်လုပ်ရေး လုပ်ငန်းများတွင် အသုံးပြုလျက်ရှိရာ နှစ်စဉ်ဝါးအလုံးရေ အမြောက်အမြား ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ ထို့အပြင် ဝါးကို လက်မှုပစ္စည်းများ၊ အဆင့်မြင့်ပရိဘောဂ ကုန်ချောပစ္စည်းများအပြင် ဝါးမီးသွေးများ ထုတ်လုပ်၍ တင်ပို့ရောင်းချကြသည်။

ပဲခူးရိုးမ၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသအနှံ့တွင် ဝါးအများဆုံး ပေါက်ရောက်သော်လည်း ပြည်တွင်းပြည်ပသုံးစွဲမှုနှင့် လိုအပ်ချက်ပမာဏ များပြားလာ၍ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းတို့၌ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

မြန်မာ့သစ်တောများတွင် ဝါးများနှင့်အတူ ကြိမ်ပင်များလည်း ပေါက်ရောက်လျက်ရှိရာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ကြိမ်ကို အများဆုံး စိုက်ပျိုးကြသည်။

ကြိမ်ကို ကုန်ကြမ်းအဖြစ်သာမက မြန်မာ့လက်မှုအနုပညာလက်ရာအဖြစ် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ကာ အိမ်နီးချင်းနိုင်ငံများနှင့် ဥရောပနိုင်ငံအချို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယခုကဲ့သို့ ရောင်းတမ်းဝင် မြန်မာ့သစ်တောထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သာမက ကုန်ချောအဖြစ်ပါ ပြုလုပ်ပြီး စနစ်တကျ တီထွင်ကြံဆ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်မြို့ အလက(၁) ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၆

မြိတ်မြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း ရွှေရတုအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက် (စနေနေ့)တွင် အလက (၁) ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း၍ ကျင်းပမည်ဖြစ်ပြီး ရွှေရတုအထိမ်းအမှတ် ရုပ်တုကိုလည်း ယင်းနေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုရဲကျော်အောင်-မရင်ရင်ချို ရန်ကုန်မြို့ ဖုန်း-၀၉-၈၉၂၇၆၅၄၊ ၀၁-၅၁၈၄၃၀၊ ကိုဝင်းဆွေ ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၁၀၇၄၊ ဦးမျိုးကြည် (ရုံးအဖွဲ့မှူး) မြိတ်အသင်း ဖုန်း-၀၁-၂၂၄၃၄၀၊ ကိုသန်းဆွေ ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၄၇၉၁၊ ၀၁-၇၀၀၃၉၅၊ မမီမီလွင်(မြိတ်) ဖုန်း-၀၅၉-၄၁၁၈၈၊ ကိုရဲထွဋ်(မြိတ်) ဖုန်း-၀၉-၈၇၆၀၂၁၇၊ ဦးအင်စွီး(မြိတ်) ဖုန်း-၀၉-၈၇၆၀၆၅၈နှင့် ဦးမောင်ဝင်း(မြိတ်) ဖုန်း-၀၉-၈၇၆၂၆၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကံကောင်းခြင်းရဲ့လျှို့ဝှက်ချက်**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	အုံ့ညြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း -၈)

ရန်ကုန်တိုင်း လသာမြို့နယ် လသာလမ်း အမှတ် ၈၄ နေ ဦးချစ်ဆွေ-ဒေါ်လှဲ့လှဲ့ဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋက ရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒက ထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခရမ်းမြို့၌ မိုးကုတ်တရားစခန်းများကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၂)ရပ်ကွက် ဘုရားလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၄၀၆) မွေ့ရိပ်သာကြီး၌ ၁၃၇၀ပြည့်နှစ် မိုးကုတ်တရားစခန်းများကို ဝါခေါင်လဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တ တိလောက (ပွင့်ဖြူ) မွေ့စရိယ ကမ်းပြိုကျောင်းတိုက် လှိုင်သာယာမြို့နယ်၊ တော်သလင်း လဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တ ဩဿဓ (ခရမ်း) တက္ကသီလ မွေ့စရိယ (B.A) သန္တိသီတာကျောင်းတိုက် မြောက်ဥက္ကလာပမြို့နယ်၊ သီတင်းကျွတ်လဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တပဏ္ဍိတ(ဒွိပိဋကရေ)၊ မဟာဂန္ထဝါစကပဏ္ဍိတ မဏိရတနာကျောင်းတိုက် ခြောက်ထပ်ကြီး ဗဟန်းမြို့နယ် တန်ဆောင်မုန်းလဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တရေဝတမွေ့ (ရွှေနှံ့သာ) မိုးကုတ်မွေ့ရိပ်သာကျောင်းတိုက် သန်လျင်မြို့၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်မှ နတ်တော်လဆန်း ၂ရက်အထိ ဘဒ္ဒန္တ သောဘန(ဇေယျဝတီ) မွေ့စရိယ(B.A) နိဗ္ဗာန်ရွှေဂူတောရရိပ်သာ မင်္ဂလာဒုံမြို့နယ်၊ ပြာသိုလပြည့်ကျော် ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တ ဉာဏောဘာသ(ကညင်ကုန်း) (မွေ့စရိယ) အဖွဲ့ခွဲ (၂၉၁) ပုဗ္ဗာရာမ အရှေ့ကျောင်းတိုက် ကွမ်းခြံကုန်းမြို့နယ်၊ တပို့တွဲလပြည့်ကျော် ၆ရက်မှ ၁၂ရက်အထိ ဘဒ္ဒန္တ ကောဏ္ဍည(မွေ့စရိယ) မိုးကုတ်မွေ့ရိပ်သာကျောင်းတိုက် အောင်ချမ်းသာ သန်လျင်မြို့နယ်၊ (သင်္ကြန်) အထူးတရားစခန်းပွဲကို ဘဒ္ဒန္တတေဇောဘာသ (မွေ့စရိယ) ပုဗ္ဗာရုံကျောင်းတိုက် သဃ်္ဃန်းကျွန်းမြို့နယ်တို့မှ ကမ္မဋ္ဌာနာစရိယတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ဆွမ်း၊ အာဟာရ၊ အချိုရည်များနှင့်ရိပ်သာဘက်စုံအထွေထွေ ဆက်ကပ်လှူဒါန်းလိုပါက ဖုန်း-၀၅၆-၃၀၄၈၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဇူလိုင် ၇ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး စနစ်တကျ စီမံဆောင်ရွက်ထားမှုတို့ကို ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**နေ့စဉ်ဆင်နွဲ လူ့ပြိုင်ပွဲ** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၈း၁၀-၂း၁၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅-၂း၅၅	ထူးကဲတဲ့စေတနာများကြားမှ ပြန်လည်ထူမတ်လာသော ဘိုကလေးမြို့မြင်ကွင်းများ
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	Euro Goals
၉း၅၅-၃း၅၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀-၄း၂၀	စမ်းသပ်စိုက်ပျိုး ဝင်ငွေတိုး **ပန်းဂေါ်ဖီပင်စိုက်ပျိုးနည်း**
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	သွားမယ် စားမယ် (Zephyr ကိုသွားမယ်၊ အညာပဲထမင်းစားမယ်)
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာသောရောဂါများ (သွေးလွန်တုပ်ကွေး) [ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစောလွင်]
၁၂း၁၀-၆း၁၀	Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) [အပိုင်း-၁]
၁၂း၃၀-၆း၃၀	Activities in the City (သန့်လေးသန့်စီမံချက်ဆိုင်ရာ ဗီဒီယိုဇာတ်ကားဆုပေးပွဲအခမ်းအနား)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	Biz Net
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

လက်ခံယူ

အမှတ် ၂၄၈ တောင်ထိပ်ပန်းလမ်း (၂၉)ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ ပါမောက္ခ ဦးမင်းလွင်-ဒေါ်ဝင်းဝင်းကို မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ၂၅၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် မဟာကရုဏာဗုဒ္ဓဘာသာအသင်းမှ ဆရာတော် ဒေါက်တာဂုဏရတနာ လာရောက်တွေ့ဆုံစဉ်။ (သစ်တော)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူသည် အများသူငါတို့ထက်မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

စင်ကာပူသမ္မတနိုင်ငံမှ ဆရာတော် သစ်တောရေးရာဝန်ကြီးအားတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် မဟာကရုဏာဗုဒ္ဓဘာသာအသင်းမှ ဆရာတော် ဒေါက်တာဂုဏရတနာသည် ဇူလိုင် ၂၄ရက်တွင် ဘိုကလေးမြို့ လေဘေးသင့် ပြည်သူများအား လှူဒါန်းရန်အတွက် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျုံပျော်မြို့ ကျိုက်ပရောစေတီတော်နှင့် တန်ဆောင်းတော်ကြီးပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ဧရာဝတီတိုင်း ကျုံပျော်မြို့ မင်္ဂလာလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကျိုက်ပရောစေတီတော်မြတ်ကြီးနှင့် တန်ဆောင်းတော်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ရက်က ဝေဠုဝန်ကျောင်းတိုက် သံဃာ့မာတာဝိသာခါရတနာသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုဒ္ဒိဉာဏာဘိဝံသအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော်က ဩဝါဒကထာနှင့် အနုမောဒနာတရားဟောကြားပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်းက ပြန်လည်ပေးအပ်သည်။ **(ဓါတ်ပုံ)** လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၀၄၆-၅၆၂၇၆၊ ဘဏ္ဍာရေးမှူး ဦးလှသိန်းကြွယ် ဖုန်း-၀၄၆- ၅၆၂၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက် ကျေးရွာရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၌ သန်လျင်မြို့ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ ပဓာနနာယက မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နယ်လှည့်သာသနာပြုဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ(အောင်ခေမာဆရာတော်) အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဩဂုတ် ၁၆ ရက်မှ ၂၂ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့် အလှူရှင်များသည် အမှုဆောင်အဖွဲ့ ဦးစိုးဝင်း ဖုန်း-၅၇၀၆၅၆၊ ဦးခင်ကြည် ဖုန်း-၅၇၂၆၉၄၊ ဦးတင်မြင့် ဖုန်း-၅၇၂၈၀၅၊ ဦးမောင်ညို ဖုန်း-၅၆၅၄၄၂နှင့် ဆရာမ ကြီး ဒေါ်အေးအေးရီ၊ ဒေါ်မြင့်မြင့်ဝင်း ဖုန်း-၇၂၄၅၁၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

သံယုတ္တနိကာယ် မြန်မာပြန်စာမေးပွဲအောင်စာရင်း

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၄၂)ကြိမ်မြောက် သံယုတ္တနိကာယ် မြန်မာပြန် စာမေးပွဲအောင်စာရင်းများကို ဝါဆိုလပြည့်ကျော် ၁၃ရက် ဇူလိုင် ၃၀ ရက်တွင် ရန်ကုန်တိုင်းစာဖြေဌာနများဖြစ်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မှော်ဘီ၊ ကမ္ဘာအေးနှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ် စာဖြေဌာနများမှ အောင်စာရင်းများ ထွက်ရှိမည် ဖြစ်ပြီး ဇူလိုင်၃၁ရက်တွင် ပြည်နယ်နှင့်တိုင်း စာဖြေဌာနများမှ အောင်စာရင်းများ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ခါးနာခြင်းအကြောင်း ဉာဏ်သစ်လောင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်သော (A Practical Guide to Low Back Pain)ခါးနာခြင်းနှင့် ပတ်သက်သည့် လက်တွေ့လမ်းညွှန်ကုထုံးများအကြောင်း ဉာဏ်သစ်လောင်း သင်တန်းကို ဩဂုတ် ၂ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ အကြောအဆစ်ဆရာဝန်များ၊ အခြားစိတ်ဝင်စားသူ ဆရာဝန်များ၊ ဆရာမများ၊ အကြောကျွမ်းကျင်ပညာရှင်များ၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနေ့ ကိုးနာရီတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားကောင်း

ရန်ကုန် ဇူလိုင် ၂၆

ဇူလိုင် ၂၅ ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသဖြစ်စဉ်ကို လေ့လာပါက ထိုင်း၊ အမေရိကန်နိုင်ငံတို့တွင် လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းခဲ့ပြီး နီပေါနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၂၆ ရက်က မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်များ၏ မိုးလေဝသ အခြေအနေကို လေ့လာကြည့်လျှင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဇူလိုင်၂၇ရက် **(ယနေ့)** ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၂၇ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့အနီး တစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာသွန်းနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးအသင့်အတင့်ရွာမည်ဖြစ်သည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ အားအလွန်ကောင်း

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ဇူလိုင် ၂၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

ထားဝယ်	၅ဒသမ ၄၃ လက်မ	မြိတ်	၄ ဒသမ ၂၁ လက်မ
ကိုကိုးကျွန်း	၃ဒသမ ၉၃ လက်မ	သံတွဲ	၂ ဒသမ ၄၈ လက်မ
ကျောက်ဖြူ	၂ဒသမ ၂၈ လက်မ	ပဲခူး	၂ ဒသမ ၁၃ လက်မ
သထုံ	၂ဒသမ ၀၅ လက်မ		

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့၌ ပေါက်ကွဲမှု၁၂ခုဖြစ်ပွား ၁၅ဦးသေဆုံးပြီး ၅၅ဦး ဒဏ်ရာရရှိ

အမီဒါဘတ် ဇူလိုင် ၂၆

အိန္ဒိယနိုင်ငံအနောက်ပိုင်း အမီဒါဘတ်မြို့တွင် ဇူလိုင်၂၆ရက် ဒေသစံတော်ချိန် ညနေ၃နာရီခွဲခန့်မှ စတင်ကာ နေရာခြားပြီး ပေါက်ကွဲမှု ၁၂ခုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ဗုံးပေါက်ကွဲ

အဆိုပါ ပေါက်ကွဲမှုများမှာ အမီဒါဘတ်မြို့ လူစည်ကားရာဈေး၊ ရထားဘူတာရုံနှင့် ဘတ်စ်ကားဂိတ်များ၌ မိနစ်၂၀အချိန်အတွင်း ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း၁၅ဦးသေဆုံးကာ ၅၅ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာပြင်းထန်

ဒဏ်ရာရရှိသူများအား အမီဒါဘတ်မြို့ ဆေးရုံသို့တင်ပို့ခဲ့ရာ အချို့ဒဏ်ရာရရှိသူများမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ၎င်းပေါက်ကွဲမှုများမှာ မည်သူ့လက်ချက်ဖြစ်သည်ကို သေချာစွာ မသိရသေးချေ။

သစ်တောသစ်ပင် ဒီချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလုတိုး

တောင်အာဖရိက လူဖြူများ ဆင်းရဲမွဲတေမှု ပါတီခေါင်းဆောင်ဇူးမား စိတ်မသက်မသာဖြစ်

ပရီတိုးနီးယား ဇူလိုင် ၂၆

တောင်အာဖရိကနိုင်ငံ အာဖာရအာဖရိက အမျိုးသားကွန်ဂရက်(အေအင်န်စီ)ပါတီခေါင်းဆောင် ဂျက်ကော့ ဇူးမားက နိုင်ငံအတွင်းလူဖြူများဆင်းရဲမွဲတေနေမှုကို မြင်တွေ့ရ၍ တုန်လှုပ်မိပြီး စိတ်မသက်မသာဖြစ်ရပါကြောင်း ပြောကြားလိုက်သည်။

လေ့လာ

လူဖြူမိသားစုများ လျှပ်စစ်မီး၊ ရေသွယ်တန်းမှုမရှိဘဲနေထိုင်ရာ ပရီတိုးနီးယားမြို့တော် ဘက်သလီဟင်မြို့နယ်အတွင်း သွားရောက်လေ့လာပြီးနောက် မစ္စတာဇူးမားကအထက်ပါအတိုင်း ဇူလိုင်၂၄ရက်က ပြောကြားလိုက်ခြင်းဖြစ်သည်။

ကသိကအောက်ဖြစ်

လူမည်းများအနှံ့အပြားဆင်းရဲမွဲတေမှုကြောင့် လူဖြူများဆင်းရဲမွဲတေခြင်းကို လျစ်လျူရှုရမည်ဟု ယူဆ၍မရကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့မြင်တွေ့ခြင်းကြောင့် များစွာစိတ်မသက်မသာဖြစ်ရကြောင်း မစ္စတာဇူးမားက ပြောကြားသည်။

အိုးမဲ့အိမ်မဲ့ လူဖြူဦးရေမှာ ၂၀၀၂ခုနှစ်နောက်ပိုင်း တိုးတက်လာခဲ့ပြီး ယခုအခါ လူဖြူ ၁၃၀၀၀၀တို့မှာ အိုးမဲ့အိမ်မဲ့ဖြစ်နေကြကြောင်း တောင်အာဖရိက ကူညီမှုအဖွဲ့၏ ပြောကြားချက်အရသိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အချိန်အကြာဆုံး မီးပူတိုက်နိုင်သူ

ဗြိတိန်နိုင်ငံ အင်ဒိုဗာမြို့သား ဘင်ဝေါတန်အမည်ရှိ အမျိုးသားတစ်ဦးသည် အဝတ်အထည်ပေါင်း ၈၂၃ထည်ကို တစ်ထိုင်တည်း နာရီပေါင်း၆၀ကြာမြင့်အောင် မီးပူတိုက်နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အချိန်အကြာဆုံး မီးပူတိုက်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင်၂၅ရက်က ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

ခြေထောက် ခြောက်ချောင်းပါ သမင်

အီတလီနိုင်ငံရောမမြို့တွင် ပိုင်ရှင်တစ်ဦး မွေးမြူထားသည့် သမင်မကြီးတစ်ကောင်မှ မွေးဖွားခဲ့သော သမင်လေးတစ်ကောင်မှာ စုစုပေါင်း ခြေထောက်ခြောက်ချောင်းရှိကြောင်း၊ ၎င်းသမင်လေး၌ နောက်ခြေထောက် နှစ်ချောင်းအပိုပါရှိခဲ့ကြောင်း အီတလီမီဒီယာများက ဇူလိုင်၂၅ရက်၌ ဖော်ပြသည်။

(အင်တာနက်ဓာတ်ပုံ)

ဘရာဇီး၌ အင်တာနက် အသုံးပြုသူ နှစ်ဆများပြားလာ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၆

ဘရာဇီးနိုင်ငံရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်များ၌ပင် အင်တာနက် အသုံးပြုသူဦးရေမှာ ဇူလိုင်လအတွင်း ၃၅ ဒသမ ၅ သန်းသို့ ရောက်ရှိလာခဲ့ရာ ၂၀၀၅ ခုနှစ်ဇွန်လကထက် နှစ်ဆများပြားလာခဲ့သည်။

အသုံးပြုချိန်

၂၀၀၅ခုနှစ် ဇွန်လက နေအိမ်များ၌ အင်တာနက် အသုံးပြုသူဦးရေမှာ ၁၈ ဒသမ ၃ သန်းသာရှိခဲ့ကြောင်း၊ ၂၀၀၅ခုနှစ်က ဘရာဇီးနိုင်ငံသား တစ်ဦးမှာ ပျမ်းမျှအားဖြင့် တစ်လလျှင် အင်တာနက်အသုံးပြုချိန် ၁၆ နာရီ ၅၄ မိနစ်အသုံးပြုခဲ့ရာမှ ၂၀၀၈ ခုနှစ် အရောက်၌ ၂၃ နာရီ ၁၂မိနစ် အသုံးပြုကြကြောင်း နက်ဝေ့ါခ်လေ့လာရေးအစီရင်ခံစာက ဖော်ပြသည်။

အင်တာနက် အသုံးပြုသူအများစုမှာ ခရီးသွားလုပ်ငန်း၊ ဖက်ရှင်၊ အိမ်ရာနှင့် ပညာရေးဆိုင်ရာ ဝက်ဘ်ဆိုက်များကို အများဆုံးကြည့်ရှုကြကြောင်း၊ အမျိုးသမီးများ အင်တာနက်အသုံးပြုမှုမှာ ယခုနှစ်အတွင်း များပြားလာကြောင်း၊ အင်တာနက် အသုံးပြုသူ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြောင်း ယင်းလေ့လာဆန်းစစ်မှု၌ ပါရှိသည်။

(အင်တာနက်)

ကဒါဖီ၏ သားထွေးကို ဂျီနီဗာရဲကဖမ်းဆီး ဆွစ်ဇာလန်သို့ ရေနံတင်ပို့မှုရပ်ဆိုင်းထား

ထရီပိုလီ ဇူလိုင် ၂၆

လစ်ဗျားခေါင်းဆောင် ကဒါဖီ၏ သားထွေး ဟန်နီဘောကဒါဖီအား ဂျီနီဗာရဲတပ်ဖွဲ့က ခေတ္တ ဖမ်းဆီးထိန်းသိမ်းမှုကို ကန့်ကွက်သည့်အနေဖြင့် ဆွစ်ဇာလန်နိုင်ငံသို့ ရေနံတင်ပို့ပေးမှုကို ရပ်ဆိုင်းလိုက်ကြောင်း လစ်ဗျားအမျိုးသားရေကြောင်း သယ်ယူပို့ဆောင်ရေး ကုမ္ပဏီကကြေညာသည်။

ခြိမ်းခြောက်

ထိုကိစ္စနှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံကမတောင်းပန်လျှင် ထပ်မံအရေးယူမည်ဟု ခြိမ်းခြောက်လိုက်သည်။

ဟန်နီဘောကဒါဖီနှင့် ကိုယ်ဝန် အရင့်အမာရှိဇနီးဖြစ်သူတို့အား ဝန်ထမ်းနှစ်ဦး ရိုက်မှုဖြင့် ရဲတပ်ဖွဲ့က နှစ်ရက်ကြာချုပ်ထားခဲ့သည်။

(အင်တာနက်)

အာဖဂန်သူပုန်တို့၏ မိုင်းဖုံးထောင်တိုက်ခိုက်မှု ဒိန်းမတ်တပ်ဖွဲ့ဝင်တစ်ဦးသေပြီး သုံးဦးဒဏ်ရာရ

ကိုပင်ဟေဂင် ဇူလိုင် ၂၆

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒိန်းမတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် သံချပ်ကာကားတစ်စီး သောကြာနေ့တွင် မိုင်းနင်းမိပေါက်ကွဲပြီးနောက် ဒိန်းမတ် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရသွားကြောင်း ဒိန်းမတ်စစ်ဌာနချုပ်က ကြေညာသည်။

သူပုန်တို့၏ ပစ်ခတ်တိုက်ခိုက်မှုခံနေရသော အာဖဂန်နစ္စတန်စစ်သားများ၊ ဗြိတိန်နှင့် အမေရိကန်အကြံပေးများအားကူညီရန် အသွားလမ်းတွင် မိုင်းဖုံးထိမှန်ပြီး ထိုသို့ သေဆုံး၊ ဒဏ်ရာရခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒိန်းမတ်တပ်ဖွဲ့ဝင်၅၅၀ခန့်ရှိသည်။ ယခုအထိ သေဆုံးသွားသော ဒိန်းမတ်တပ်ဖွဲ့ဝင် ဦးရေမှာ ၁၁ဦးရှိပြီဟု ရိုက်တာက ဖော်ပြထားသည်။

အမ်အင်န်အေရိုက်တာ

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၂၆

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၂၆ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၄°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၉°C	မိုးရွာ
ဂျပန်	တိုကျို	၃၃°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟန္ဓိုင်း	၃၄°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၀°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၄°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၇°C	သာယာ

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၆-၇-၂၀၀၈

ကိုရီးယား-အင်ဒိုနီးရှားလေကြောင်းလိုင်း ပူးပေါင်း

ဂျကာတာ ဇူလိုင် ၂၆

ကိုရီးယားလေကြောင်းလိုင်းနှင့် ဂါယူဒါအင်ဒိုနီးရှားလေကြောင်းလိုင်းတို့အနေဖြင့် ဈေးကွက်ရှာဖွေရေးနှင့် အင်တာနက်မှ လေယာဉ်လက်မှတ်ရောင်းချရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ် စီးပွားရေးဇုန်သစ်၌ ရင်းနှီးမြှုပ်နှံ

ဟန္ဓိုင်း ဇူလိုင် ၂၆

ဗီယက်နမ်နိုင်ငံ ကွန်တန်ပြည်နယ်ကို စီးပွားရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ပြည်တွင်းစီးပွားရေးလုပ်ငန်း၂၄ခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီး အခြေခံအဆောက်အအုံများ၊ စက်ယန္တရားများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ တည်ဆောက်မည်ဖြစ်ရာ နယ်ခြားဂိတ်များ ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

ယူအေအီးနှင့် ပါကစ္စတန် အကျိုးတူပူးပေါင်း

အစ္စလမ္မာဘတ် ဇူလိုင် ၂၆

ပါကစ္စတန်နိုင်ငံ သမ္မတပါဗက်ဇ်မူရှာရက်ဖ်၏ ဖိတ်ကြားချက်အရ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)မှ နိုင်ငံခြားရေးဝန်ကြီးသည် ဇူလိုင်၂၄ရက်က အစ္စလမ္မာဘတ်မြို့၌ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးတူဆောင်ရွက်မှုများအပြင် အကြမ်းဖက်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးတို့ကို ဆွေးနွေးကြပြီး ယင်းပူးပေါင်းဆောင်ရွက်မှု၌ တိုးတက်ကောင်းမွန်ရေးကို မျှော်လင့်ထားသည်။

ရောမ၌ တောင်တက်သမားလေးဦး သေဆုံး

ရောမ ဇူလိုင် ၂၆

အီတလီနိုင်ငံ ရောမမြို့၌ ခြေလျင်တောင်တက်သမား လေးဦးသည် ဇူလိုင် ၂၄ ရက်က တောင်ပေါ်မှပြုတ်ကျသဖြင့် သေဆုံးခဲ့ကြောင်း၊ အဆိုပါတောင်တက်အဖွဲ့သည် မောင့်ဒိုလန့်တောင်မှဆင်းလာစဉ် တောင်ပေါ်မှပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း၊ တောင်တက်သမားတစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်က ၃၈၂၃မီတာမြင့်သည့်မောင့်ဒိုလန့်တောင်၌ ပြင်သစ်တောင်တက်သမား သုံးဦး ပြုတ်ကျသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရာ တောင်တက်ကယ်ဆယ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့မှကယ်တင်နိုင်ခဲ့ကြောင်း အင်န်ဆာနယူးအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဆိုးလ်မြို့တောင်ဘက်၌ မီးလောင်မှုဖြစ်ပွား

ဆိုးလ် ဇူလိုင် ၂၆

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက်ရှိ ယောင်ဂင်းမြို့တွင် ဇူလိုင် ၂၅ ရက်ည ၁နာရီ မိနစ် ၂၀က ၁၀ထပ်အဆောက်အအုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာ ရရှိသွားခဲ့သည်။ မီးလောင်မှုမှာ ကိုးထပ်မြောက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လူနေတိုက်ခန်းတစ်ခုမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးစတင်လောင်ချိန်တွင် အခန်းအတွင်းရှိ လူများ အိပ်ပျော်နေကြကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ပီရူး၌ ကိုကင်းကီလို ၆၀ ဖမ်းမိ

လီမာ ဇူလိုင် ၂၆

ပီရူးနိုင်ငံအတွင်း မူးယစ်တိုက်ဖျက်ရေးရဲတပ်ဖွဲ့အနေဖြင့် ကိုကင်းကီလို ၆၀ နှင့်အတူ မူးယစ်မှောင်ခိုရောင်းဝယ်သူ ခြောက်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။ ဖမ်းဆီးထားသူများအနက် ပီရူးနိုင်ငံသားသုံးဦး၊ ကိုလံဘီယာနိုင်ငံသား နှစ်ဦးနှင့် ဗင်နီဇွဲလားနိုင်ငံသားတစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

အမေရိကန်၌ ကရိန်းပြုတ်ကျ တစ်ဦး သေဆုံး

ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် ရပ်နားထားသည့် ကားတစ်စီးပေါ်သို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ကရိန်းပြုတ်ကျရာ ကားထဲ၌ရှိသည့် အသက် ၈၀အရွယ်အဘိုးအိုတစ်ဦးသေဆုံးသွားခဲ့ကြောင်း၊ ၎င်းအဘိုးအို၏ ဇနီးဖြစ်သူ အသက် ၇၈နှစ်အရွယ်ရှိအဘွားအိုမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း ဆင်ဟွာသတင်းကဖော်ပြသည်။

ရထားနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိ

ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာမြို့ အရှေ့ပိုင်း၌ ရထားနှစ်စင်း မျက် နှာ ချင်း ဆိုင် တိုက်မှု ဖြစ်ပွားခဲ့သည်ကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

လည်လိုက်ပုံက....

သားအဖအရွယ်ရှိသောအမျိုးသားကြီးတစ်ဦးနှင့် လူငယ်လေးတစ်ဦး ဆံပင်ညှပ်ဆိုင် တစ်ဆိုင်အတွင်းသို့ အတူတကွ ဝင်ရောက်ခဲ့ကြလေသည်။ အမျိုးသားကြီးသည် မုတ်ဆိတ်ရိတ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ လက်သည်းညှပ်ခြင်း၊ဆံပင်ညှပ်ခြင်းတို့ကို မျိုးစုံ ဝန်ဆောင်မှုရယူခဲ့ပြီးနောက် လူငယ်လေးအား သူဆံပင်ညှပ်ရာ ထိုင်ခုံပေါ်သို့ ဆံပင်ညှပ်ရန် ပွေ့ချီတင်ပေးလိုက်လေသည်။ ထို့နောက် -

အမျိုးသားကြီး ။ ။ ကဲ- ငါမနက်ဖြန် မင်္ဂလာဆောင်တစ်ခုမှာ ဝတ်ဖို့ နက်ကတိုင်တစ်ခု သွားဝယ်လိုက်ဦးမယ်။ သိပ်မကြာခင် ငါပြန်လာမယ်။

လူငယ်လေး ။ ။ ဟုတ်ကဲ့။

ထိုလူငယ်လေးအား ဆံပင်ညှပ်ပြီးသွားသည့်တိုင်အောင် အမျိုးသားကြီး ပြန်မရောက်လာခဲ့ပေ။ ထိုအခါ ဆံပင်ညှပ်သမားက-

ဆံပင်ညှပ်သမား။ ။ အင်း- မင်းအဖေမေ့တတ်ပုံကလည်း သားတစ်ယောက်လုံး ကိုတောင် မေ့နေပါလားကွ။

ထိုအခါ လူငယ်လေးက ပြန်ပြောလိုက်သည်မှာ-

လူငယ်လေး ။ ။ ဟင့်အင်း၊ သူက ကျွန်တော့်အဖေမဟုတ်ပါဘူး။ သူ လမ်းလျှောက် ထွက်လာတုန်း လမ်းမှာတွေ့တဲ့ ကျွန်တော့်ကို **“သားလာပါဦး.... တို့နှစ်ယောက် အခမဲ့ ဆံပင်သွားညှပ်ရအောင်”** ဆိုပြီး လက်ဆွဲခေါ်လာတာပါ။

ဆံပင်ညှပ်သမား။ ။ “ ဘာ ”

လက်ကိုင်ဖုန်းကို အကန့်အသတ်ဖြင့်သာသုံးစွဲသင့်

ဆယ်လ်လူလာလက်ကိုင်ဖုန်းများကို သုံးစွဲမှုများပြားပါက ဦးနှောက်ကင်ဆာဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၂၅ရက်တွင် သတိပေးပြောကြားလိုက်သည်။

လက်ကိုင်ဖုန်း သုံးစွဲသူများအနေဖြင့် ဖုန်းပြောဆိုမှုကို အကန့်အသတ်ဖြင့်သာ ပြောဆိုသင့်ကြောင်း၊ လက်ကိုင်ဖုန်းပြောဆိုနေချိန်တွင် လက်ကိုင်ဖုန်းမှ လျှပ်စစ်သံလိုက် စက်ကွင်းများ၏ ရိုက်ခတ်မှုသည် ဖုန်းပြောသူ၊ ဖုန်းနားထောင်သူများ၏ ဦးနှောက်နှာ့ဗ်ကြောများကို အရှိန်ပြင်းစွာ ရိုက်ခတ်နေခြင်းကြောင့်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ဦးနှောက်ကင်ဆာဖြစ်ပွားနိုင်

အထူးသဖြင့် ကလေးငယ်များအနေဖြင့် လက်ကိုင်ဖုန်းများ သုံးစွဲမှုကို မိဘများက ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း၊ ငယ်ရွယ်သည့် ကလေးငယ်များသည် လက်ကိုင်ဖုန်းနှင့်အကြိမ်များစွာ ပြောဆိုမှုပြုလုပ်ပါက လူငယ်ဘဝမှာပင် ဦးနှောက်အကြိတ်များ ဖြစ်ပေါ်တတ်ပြီး ဦးနှောက်ကင်ဆာဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ဦးနှောက်ကင်ဆာဖြစ်သူ လူငယ်၃၀၀၀တို့အား သုတေသနပြုလေ့လာကြည့်ခဲ့ရာ ၆၅ရာခိုင်နှုန်းမှာ လက်ကိုင်ဖုန်းသုံးစွဲသည့် လူငယ်များဖြစ်ကြောင်း တွေ့ရှိရသည်ဟု သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အင်တာနက် ကျန်းမာရေး

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊
တင်မာဝင်းနှင့် အေးသန္တာသိန်း

အမေရိကန်နှင့် ဥရောပ ကင်းကွာလာ

အမေရိကန်တို့ အမှားများသာ လုပ်ဆောင်နေ

အိုဘားမား ဘာလင်တွင် သုံးသပ်ပြောကြား

ဝါရှင်တန် ဇူလိုင် ၂၆

အမေရိကန်နှင့် ဥရောပတို့သည် တဖြည်းဖြည်းကင်းကွာလာကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက ဘာလင်လူထုအစည်းအဝေးတွင် ပြောကြားလိုက်သည်။

၁၉၄၈ ခုနှစ် ပိတ်ဆို့ခံရစဉ်ကာလက ဆိုဗီယက်ဖိအားပေးမှုကို ခုခံခဲ့သော ဘာလင်မြို့သူမြို့သားများအား လေးစားဂုဏ်ပြုကြောင်း အစချီကာ အိုဘားမားက လူထုပရိသတ်အနည်းဆုံး ၂၀၀၀၀၀ တက်ရောက်သည့် လူထုစည်းဝေးပွဲတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

လူမှုရေးနောက်ခံ

မဖိတ်ခေါ်ဘဲ တက်ရောက်လာသည့် အိုဘားမား၏ တစ်မူထူးသည့် လူမှုရေးနောက်ခံက ဂျာမနီပြည်သူများ၏ စိတ်အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည့်အလျောက် သူ့မိန့်ခွန်းကို ဂျာမနီတစ်နိုင်ငံလုံးသို့ တိုက်ရိုက်ရုပ်သံလွှင့်ပေးလိုက်သည်။

လှစ်ဟပြသ

၂၀ ရာစုက မိမိတို့အား တူညီသော ရည်မှန်းချက်ပန်းတိုင်ထားရန် သွန်သင်ညွှန်ပြခဲ့သကဲ့သို့ ၂၁ ရာစုကလည်း လူ့သမိုင်းတွင် မကြုံဖူးအောင် အချင်းချင်း ရောယှက်ဆက်ဆံကြရန် ကမ္ဘာ့သူကမ္ဘာ့သားများအား လှစ်ဟ ပြသလိုက်ပြီဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

အိုဘားမားက ဆက်လက်ပြောကြားရာတွင် ကမ္ဘာပေါ်၌ အမေရိကန်သည် အမှန်ရောက်အောင် ကူညီခြင်းထက် အမှားများကို လုပ်ဆောင်နေကြောင်း၊ ဥရောပပြည်သူတို့ ရှုမြင်နေသည်မှာ အဆန်းမဟုတ်တော့ပြီဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၌လည်း မိမိတို့လုံခြုံရေးနှင့် မိမိတို့၏ အနာဂတ်တွင် ဥရောပ၏ အခန်းကဏ္ဍ အရေးပါမှုကို ငြင်းပယ်၊ ပြက်ရယ်ပြုသည့် အသံများကို ကြားရကြောင်း ထည့်သွင်းပြောကြားသည်။

လုံခြုံရေး

သို့သော် တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားဖြစ်မှု၏ ဝန်ထုပ်ဝန်ပိုးများက မိမိကမ္ဘာ့သူ ကမ္ဘာ့သားအားလုံး စည်းစည်းလုံးလုံး ရှိနေကြရန် ဆက်လက်ချည်နှောင်ထားကြောင်း၊ နိုင်ငံများအကြား စီးပွားဘက်အဖြစ်ပူးပေါင်းဆောင်ရွက်ရေးမှာ ရွေးချယ်စရာ နည်းလမ်းတစ်ရပ်သာမဟုတ်ဘဲ မိမိတို့အားလုံး၏ လုံခြုံမှုကာကွယ်ရန်နှင့် လူသားတစ်ရပ်လုံး၏ တိုးတက်မှုဖော်ဆောင်ရန် တစ်ခုတည်းသော ထွက်ရပ်လမ်းပင်ဖြစ်ကြောင်း အိုဘားမားက ပြောကြားလိုက်သည်။ဂျာမနီခရီးစဉ်အပြီး အိုဘားမားသည် ပြင်သစ်နှင့် ဗြိတိန်တို့သို့ ဇူလိုင်၂၅ရက်နှင့် ၂၆ရက်တို့၌ သွားရောက်ခဲ့သည်။ **(အင်တာနက်)**

အာတိတ်သမုဒ္ဒရာကြမ်းပြင်၌ ပွက်ပွက်ဆူနေသော ရေပူများထွက်ရှိနေ

အာတိတ်သမုဒ္ဒရာကြမ်းပြင်၌ ပြင်းထန်သည့် အပူရှိန်ဖြင့် ဆူပွက်နေသော ရေပူများဖြစ်ပေါ်နေသည့်နေရာအား(ယာပုံ) နော်ဝေအဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဇူလိုင် ၂၄ရက်၌ ပြောကြားသည်။

ရေပူများထွက်

အဆိုပါရေပူများ ဆူပွက်ထွက်ရှိနေသောနေရာမှာ နော်ဝေနှင့် ဂရင်းလန်းကျွန်းအကြား အာတိတ်သမုဒ္ဒရာ အလယ်ကြမ်းပြင်၌ ဖြစ်ပြီး ရေပူများထွက်နေသည့် နေရာငါးနေရာမှာ တစ်ခုနှင့်တစ်ခု အကွာအဝေးသိပ်မခြားဘဲ ဖြစ်ပေါ်နေခြင်းကို တွေ့ရှိ ရခြင်းဖြစ်သည်။

အရွယ်အစား

ထိုကဲ့သို့ အာတိတ်သမုဒ္ဒရာကြမ်းပြင်တွင် ဆူပွက်နေသော ရေပူများ ထွက်ရှိနေသည့် နေရာတစ်ခု၏ ပုံသဏ္ဌာန်အရွယ်ပမာဏမှာ အလွန်ကြီးမားသည့် လေးထပ်အဆောက်အအုံကြီး တစ်ခု၏ အရွယ်အစားခန့်ရှိကြောင်း သိရသည်။

အဏ္ဏဝါသိပ္ပံ

ထိုသို့ဖြစ်ရခြင်းမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သမုဒ္ဒရာကြမ်းပြင်ကို ဇဟိုပြုသော အင်အားပြင်းထန်သည့် လျှောင်ကြီးများ လှုပ်မှုနှင့်မီးတောင်ပေါက်ကွဲမှုတို့ကြောင့် ရေပူထွက်ပေါက်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု နော်ဝေအဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

အုံ့မခန်းဖွယ် ရှုခင်းပေါသည့် ဇမ်ဘီယာနိုင်ငံ

သတင်းအက်ဆေး

ဇမ်ဘီယာနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းဒေသတွင်တည်ရှိသည်။ ဤနိုင်ငံသည် ကြေးနီသတ္တု အဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ၁၉၆၄ခုနှစ် လွတ်လပ်ရေးရချိန်တွင် အာဖရိကတိုက်၏ အချမ်းသာဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ရန် အလားအလာရှိခဲ့ရာမှ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ ပြောင်းလဲလျော့ကျသွားသည့် နိုင်ငံဖြစ်သည်။

ကိုလိုနီ အမွေဆိုး နိုင်ငံအုပ်ချုပ်သည့် အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ ကြေးမြီနှင့် ပြည်သူများအတွင်း ရောဂါဘယဖြစ်ပွားမှုတို့က တိုင်းပြည် အတိဒုက္ခရောက်ရန် တွန်းပို့ပေးခဲ့သည်။

တစ်ပါတီအုပ်ချုပ်ရေး

နိုင်ငံရေးအရ ကိုလိုနီအုပ်စိုးမှုမှသည် ၂၇နှစ်ကြာ တစ်ပါတီအုပ်ချုပ်ရေးခေတ်သို့ ကူးပြောင်းခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်မှာ ၁၉၉၀ပြည့်လွန်နှစ်များ အစောပိုင်းရောက်မှ ခေါင်းပြူလာနိုင်ခြင်း ဖြစ်သည်။

၁၂ရာစုတွင် ဤဒေသသို့ ရှိုနာလူမျိုးများရောက်လာသည်။ ယင်းနောက် ဇမ်ဘီယာ တောင်ပိုင်းအပါအဝင် အမ်ဝီနီမိုတာပါ အင်ပါယာကို ထူထောင်လိုက်သည်။ ၁၆ရာစုတွင် ဘုရင့်နိုင်ငံငယ်များ ထူထောင်ရန် လူဘာအင်ပါယာနှင့် လွန်ဒါအင်ပါယာမှ လူအများ ရောက်ရှိလာသည်။ ၁၈ရာစုနှောင်းပိုင်းတွင် ပေါ်တူဂီနယ်သစ်ရှာသူများ ရောက်လာသည်။ ၁၉ရာစုတွင် အခြားဒေသမှပြောင်းရွှေ့အခြေချမှု၊ ပေါ်တူဂီနှင့် အာရပ်တို့၏ ကျွန်ကုန်ကူးမှုတို့ကြောင့် ဒေသမတည်မငြိမ် ဖြစ်လာသည်။

ကြေးနီသတ္တုရှာဖွေတွေ့ရှိ

၁၈၅၁ခုနှစ်တွင် ဗြိတိသျှသာသနာပြုအဖွဲ့ရောက်ရှိလာသည်။ ၁၈၈၉ခုနှစ်တွင် မြောက်ပိုင်း ရိုဒီးရှားကို အုပ်ချုပ်သည်။ ၁၉၂၀ပြည့်လွန်နှစ်များတွင် ကြေးနီသတ္တုကို ရှာဖွေတွေ့ရှိချိန်မှစ၍ ဥရောပတိုက်သားများ တစ်စတစ်စများလာသည်။ ၁၉၅၃ခုနှစ်တွင် မြောက်ပိုင်းရိုဒီးရှား၊ တောင်ပိုင်းရိုဒီးရှား(ယခုဇင်ဘာဘွေ)နှင့်ညာဆာလင်း(ယခုမာလာဝီ) တို့ပါဝင်သည့် ရိုဒီးရှားနှင့်ညာဆာလင်းပြည်ထောင်စုကို ထူထောင်သည်။

၁၉၆၀ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိရန်နှင့် လူဖြူကြီးစိုးသည့်တောင်ပိုင်း ရိုဒီးရှား ခြယ်လှယ်နေသည့် ပြည်ထောင်စုစနစ်ကို ဖျက်သိမ်းရန် ညီညွတ်သောအမျိုးသား လွတ်လပ်ရေးပါတီ(ယူအင်န်အိုင်ပီ)ကို ကက်နက်ကွန်ဒါက ဖွဲ့စည်းသည်။ ၁၉၆၃ခုနှစ်တွင် ပြည်ထောင်စုပြိုကွဲသွားသည်။ ၁၉၆၄ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ကက်နက်ကွန်ဒါ သမ္မတဖြစ်လာခဲ့သည်။

၁၉၆၀-၇၀ပြည့်နှစ်များတွင် အဓိကစီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းသည်။ ၁၉၇၂ခုနှစ်တွင် ဇမ်ဘီယာနိုင်ငံသည် တစ်ပါတီစနစ်ကျင့်သုံးပြီး ယူအင်န်အိုင်ပီပါတီမှာ တစ်ခုတည်းသော တရားဝင်ပါတီဖြစ်သည်။ ၁၉၇၆ခုနှစ်တွင် ရိုဒီးရှားလွတ်လပ်ရေး တိုက်ပွဲကို ဇမ်ဘီယာက ထောက်ခံကြောင်း ကြေညာခဲ့သည်။

ယှဉ်ပြိုင်ခွင့်တားမြစ်

၁၉၉၁ခုနှစ်တွင် ပါတီစုံဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုသည်။ ရွေးကောက်ပွဲတွင် ပါတီစုံဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့(အမ်အမ်ဒီ)ပါတီက အနိုင်ရပြီး ခေါင်းဆောင် ဖရက်ဒရစ်ချီလူဘာ သမ္မတဖြစ်လာသည်။ ၁၉၉၆ခုနှစ်တွင် ကက်နက်ကွန်ဒါအား အနာဂတ် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ခွင့်တားမြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှု ပြုလုပ်သည်။ ချီလူဘာသမ္မတအဖြစ် ထပ်မံရွေးချယ်ခံရသည်။

၂၀၀၀ပြည့်နှစ် မေလတွင် အင်ဂိုလာတပ်များနှင့် ယူနီတာသူပုန်တို့၏ တိုက်ပွဲ ဇမ်ဘီယာနယ်မြေအတွင်းသို့ ကျုံ့ဝင်လာသည်။ ထိုနှစ်ဒီဇင်ဘာလတွင် ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံအတွင်း တိုက်ပွဲများကြောင့် ဒုက္ခသည် ၆၀၀၀၀အထိ ဇမ်ဘီယာနိုင်ငံသို့ ရက်သတ္တပတ်အတွင်း ရောက်ရှိလာသည်။

၂၀၀၁ခုနှစ် မေလတွင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးဖိုရမ်ဖွဲ့စည်းရန် အမ်အမ်ဒီပါတီ ထိပ်တန်းအဖွဲ့ဝင်များက သင်းခွဲကြသည့်အတွက် အာဏာရပါတီ ဆုတ်ဆိုင်းမှုကြုံရသည်။ ခွဲထွက်သူများက သမ္မတချီလူဘာအား တတိယသမ္မတတာဝန် ဆက်လက်ယူရေးကို ဆန့်ကျင်သည်။ ထိုနှစ် ဇူလိုင်လတွင် အာဖရိကညီညွတ်ရေးအဖွဲ့(အိုအေယူ)၏ နောက်ဆုံးထိပ်သီး အစည်းအဝေးပြုလုပ်ကာ အာဖရိကသမဂ္ဂ(အေယူ)ကို စတင်ဖွဲ့လိုက်သည်။

၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ဒီဇင်ဘာသမ္မတရွေးကောက်ပွဲ၌ မဲကလိမ်ကျမှုများရှိနေသည်ဟု အတိုက်အခံတို့က ကန့်ကွက်သည့်ကြားမှပင် အမ်ဝါနာဝါဆာက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံသည်။ ထိုနှစ်ဇူလိုင်လတွင် သမ္မတဟောင်း ချီလူဘာအား တရားစွဲဆိုခြင်းမှ လွတ်ငြိမ်းခွင့်ကို ပါလီမန်က မဲခွဲဖယ်ရှားလိုက်သည်။ သမ္မတ အမ်ဝါနာဝါဆာအား ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ဒုတိယအကြိမ်ရွေးချယ်တင်မြှောက်သည်။ ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် အနောက်ပိုင်း၌ ရေနံရှာဖွေတွေ့ရှိကြောင်း သမ္မတက ကြေညာသည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ရေလွှမ်းမိုးမှုကြောင့် လူ ၄၀ကျော် သေဆုံးသည်။ ဇမ်ဘီယာနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး လူမျိုးစု၇၀ကျော်တို့ နေရာအနှံ့ ကျဲတိုးကျဲတဲနေထိုင်သည်။

ဇမ်ဘီဇီမြစ်မှ ဝိတိုရိယရေတံခွန်၊ ဘန်ဝီးလူစိမ့်မြေနှင့် လူအန်ဝါမြစ်ဝှမ်းတို့ အပါအဝင် အုံ့မခန်းဖွယ်ရာ ရှုခင်းများသည် အနာဂတ်ခရီးသွားလုပ်ငန်းအတွက် အဖိုးမဖြတ်နိုင်သည့် ပိုင်ဆိုင်မှုများပင်ဖြစ်ပါသည်။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ဘဝဒဿနအမြင်

* *Desultory studies are erased from the mind as easily as pencil marks; classified studies are retained like durable ink.*

ခဲတံဖြင့်ရေးသားထားသည့်စာကို အလွယ်တကူဖျက်ပစ်၍ရသကဲ့သို့ နည်းစနစ်မကျသည့် လေ့လာဆည်းပူးမှုများသည် ဦးခေါင်းအတွင်းမှ အလွယ်တကူ ပျောက်ပျက်သွားသည်။

စနစ်တကျ ဆည်းပူးလေ့လာမှုများသည်သာ မင်ဖြင့်ရေးသားထားသည့် စာများကဲ့သို့ စွဲစွဲမြဲမြဲရှိသည်။

ပီတာကူးပါး(အမေရိကန်လူမျိုး လူမှုဝန်ထမ်းစိတ်ရှိသူ)

* *The wisdom of the wise, and the experience of ages may be precerved by quotations.*

ပညာရှိများ၏ဉာဏ်ပညာနှင့် ခေတ်အဆက်ဆက်က အတွေ့အကြုံများကို အဆိုအမိန့်များက ထိန်းသိမ်း ကာကွယ်ပေးထားသည်။

အိုက်ဆက်ဒစ်စရေလီ (အင်္ဂလိပ်လူမျိုး စာရေးဆရာ)

ပြည်နယ်/တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ တနင်္သာရီတိုင်းအသင်း အောင်ပွဲခံဗိုလ်စွဲ

သတင်းမြင်ကွင်း - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

တောင်ကြီး ဇူလိုင် ၂၆ (ဖက်စ်)

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ၊ ဒေသခံဘောလုံးဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

တနင်္သာရီတိုင်းအသင်း - လေးဂိုး
ကရင်ပြည်နယ်အသင်း - တစ်ဂိုး
အကောင်းဆုံးဘောလုံးသမားဆု - နေရဲလင်း(တနင်္သာရီ)
ဒိုင်လူကြီး - ဦးဝင်းထွန်း

ချန်ပီယံခြေစွမ်းမျိုးပြသကာ တောင်ကြီးမြေတွင် တစ်ပွဲထက်တစ်ပွဲ ခြေတက်လာသည့် တနင်္သာရီတိုင်းအသင်းမှာ ယခုပွဲတွင်လည်း ထပ်မံ ခြေစွမ်းပြကာ ကရင်ပြည်နယ်ကို ဂိုးပြတ် အနိုင်ယူပြီး ချန်ပီယံဆုကြီးကို ဆွတ်ခူးသွားသည်။ တနင်္သာရီတိုင်းအသင်းမှာ ချန်ပီယံဆုကြီးကို ဆွတ်ခူးရယူနိုင်ခဲ့သဖြင့် ရှမ်းတောင်တန်းပေါ်တွင် တနင်္သာရီသားတို့၏ အောင်ပွဲခံသံများဖြင့် ပွဲတင်ထပ်သွားခဲ့သည်။

ဆုဖလား ပေးအပ်ချီးမြှင့်

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမဆုရ တနင်္သာရီတိုင်းအသင်းအား တံခွန်စိုက်ဆုဖလား ဤသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

ကရင်ပြည်နယ်အသင်းတို့အား ကမ္ဘောဇဘဏ်လီမိတက်မှ ချီးမြှင့်သည့် အောင်နိုင်ရေးထောက်ပံ့ ပံ့ပိုးငွေကျပ်ငါးသောင်းစီကို ပြည်နယ် ဘောလုံးအောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်ဦးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တတိယဆုရရှိသော ရောဝတီတိုင်းအသင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အသင်း၊ ပထမဆုရရှိသော တနင်္သာရီတိုင်းအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော ဂိုးသမား-ကိုကိုနိုင်(ရောဝတီ)၊ နောက်တန်း-သန့်ဇင်(တနင်္သာရီ)၊ အလယ်တန်း-ညီညီအောင် (ရှမ်း/တောင်)၊ ရှေ့တန်း-ကျော်ကျော်စိုး(တနင်္သာရီ)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသော နိုနိုကျော်(တနင်္သာရီ) တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုငွေ ချီးမြှင့်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ဒုတိယဆု ရရှိသော ကရင်ပြည်နယ်အသင်းအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်း ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

တစ်ခဲနက်အားပေး

ဘောလုံးအားကစားကို စွဲလမ်းအားပေးကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေသခံ ဘောလုံးပရိသတ်များမှာ ယနေ့ယှဉ်ပြိုင်ကစားသည့် နောက်ဆုံးဗိုလ်လုပွဲကိုလည်း တစ်ခဲနက်လာရောက်အားပေးကြရာ တောင်ကြီးမြို့၏ အထင်ကရ တောင်ချွန်းကြီးကို နောက်ခံထား တည်ဆောက်ထားသည့် ပြည်နယ်ဘောလုံးကွင်းတွင် စည်ကားသွားခဲ့သည်။ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်အသင်းတို့မှာ အနိုင်ရဗိုလ်စွဲရေးအတွက် အားကုန်ထုတ် ကစားခဲ့ကြပြီး ပြည်နယ်နှင့်တိုင်း လူသစ်တန်း အားကစားဝန်ကြီးဖလားသည် မြန်မာနိုင်ငံတောင်ဖျားပိုင်းက ကမ်းရိုးတန်းဒေသတွင် တစ်နှစ်တာ နားခိုပေတော့မည်။

အနိုင်ဂိုး

တနင်္သာရီတိုင်းအတွက် အနိုင်ဂိုးများကို ကျော်ကျော်စိုးက နှစ်ဂိုး၊ နေရဲအောင်နှင့် သူရမြင့်သိန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ကရင်ပြည်နယ်အတွက် ချေပဂိုးကို စိန်ဘမြင့်က သွင်းယူပေးခဲ့သည်။

ဆုများချီးမြှင့်

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဗိုလ်လုပွဲ ပွဲစဉ်၏ အကောင်းဆုံးဆုရ နေရဲအောင်(တနင်္သာရီ)အား ဆုကြေးကျပ်တစ်သောင်းခွဲကိုလည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကြသည့် တနင်္သာရီတိုင်းနှင့်

ချီးမြှင့်ပေး

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အသန့်ရှင်းဆုံးအသင်းဆုရ (ရှမ်း/တောင်)အသင်းအား ဆုဖလားနှင့် ငွေကျပ်တစ်သိန်း၊ တတိယဆုရသော ရောဝတီတိုင်းအား ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အား ငွေကျပ်ငါးသိန်း၊ ပထမဆုရရှိသော တနင်္သာရီတိုင်းအား ငွေကျပ်ခုနစ်သိန်း ငါးသောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယရရှိသော အသင်းသုံးသင်းအား ဂုဏ်ပြုအားပေးချီးမြှင့်သည့်အနေဖြင့် ယင်းဆုကြေးငွေများကို ထပ်မံပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်ကျင်းပသောပွဲစဉ် ၂၀အတွက် တစ်သင်းလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် တစ်ပွဲလျှင် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေ ကျပ်သိန်း၂၀ကို ချီးမြှင့်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တတိယဆုရရှိသော ရောဝတီတိုင်းအား ငွေကျပ်သုံးသိန်း၊ ဒုတိယဆုရရှိသော ကရင် ပြည်နယ်အား ငွေကျပ်ခြောက်သိန်း၊ ပထမဆုရရှိသော တနင်္သာရီတိုင်းအား ဆုကြေးငွေကျပ် ၁၀သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းမြင်ကွင်း ပေးပို့လိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၄ရက်က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများက ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ပြည်နယ်၊တိုင်းမန်နေဂျာများနှင့် ပေါင်းစပ်ညှိနှိုင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းက သုံးသပ်ဆွေးနွေးတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်၌ လေဆင်နှာမောင်းများတိုက်ခတ် တစ်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိပြီး နေအိမ်များပျက်စီး

နယူးဟမ်ရှိုင်းယား ဇူလိုင် ၂၆

အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယား အရပ်၌ ဇူလိုင် ၂၆ရက်နံနက်က လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့မှုကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ပြီး နေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း **(ယာပုံ)** အမေရိကန်အမျိုးသားမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

သေဆုံး

တစ်နာရီလျှင် ၉၅မိုင်နှုန်းတိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများကြောင့် တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကာ နေအိမ် ၁၀၀ခန့် ပျက်စီးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာ ပြားပြားဝပ် ပြိုလဲပျက်စီးသွားခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ ထိုသို့ လေဆင်နှာမောင်းများ တိုက်ခတ်မှုကြောင့် နယူးဟမ်ရှိုင်းယားအရပ်တွင် ဓာတ်တိုင်များပြိုလဲပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

ဂွာတီမာလာ၌ ရေကာတာပြိုကျပြီး ရေလွှမ်း ခြောက်ဦးသေဆုံး၊ ၁၀ဦးပျောက်ဆုံး

မက္ကဆီကိုစီးတီး ဇူလိုင် ၂၆

ဂွာတီမာလာနိုင်ငံ ဂွာတီမာလာမြို့အနီးရှိ ရေကာတာတစ်ခု ဇူလိုင်၂၆ရက်နံနက်က မြစ်ရေတိုးမှုကြောင့် ပြိုကျခဲ့ရာ ခြောက်ဦး သေဆုံးပြီး ၁၀ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်း

အဆိုပါ ရေကာတာပြိုကျမှုကြောင့် အနီးဝန်းကျင်ဒေသများ၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းရေကာတာပြိုကျမှုမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ဖြစ်ကြောင်း ဂွာတီမာလာနိုင်ငံမှ မိုးလေဝသအရာရှိများက ပြောကြားသည်။

တရုတ်အလယ်ပိုင်း ဟူဘေး၌ မိုးသည်းထန်ပြီးရေလွှမ်း ငါးဦးသေဆုံး၊ ၃၀ကျော်ဒဏ်ရာရရှိ

ဟူဘေး ဇူလိုင် ၂၆

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဇူလိုင်၂၆ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားကာ **(အောက်ပုံ)** ငါးဦးသေဆုံးပြီး ၃၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံအမျိုးသား သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရွှေ့ပြောင်းပေး

ရေဘေးဒုက္ခကြုံတွေ့ရသည့် နေရာများမှာ စင်ဖန်မြို့နှင့် အနီးဝန်းကျင်ဒေသများဖြစ်ပြီး ဒေသခံပြည်သူ ၈၀၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဆိုးရွား

ရေလွှမ်းမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုကဲ့သို့ မိုးရွာသွန်းမှုမှာ နှစ်ပေါင်း၅၀ အတွင်း ဟူဘေးပြည်နယ်၌ အဆိုးရွားဆုံး မိုးရွာသွန်းမှုဖြစ်ကြောင်း သိရသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၀၈ခုနှစ် တိုင်းမှူးတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ရက် ညနေ၃နာရီက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ကွင်းအတွင်း သတ်မှတ်နေရာ၌ ဝင်ရောက်နေရာယူကာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးအား အလေးပြုတန်းအပ်ပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား တိုင်းအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးက အမှာစကားပြောကြားက**(အောက်ပုံ)** ဒုတိယတိုင်းမှူးအား ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာသူများက ဖွင့်ပွဲပွဲစဉ်အဖြစ် ပုသိမ်ဇုန်(၁)အသင်းနှင့် ခလရ(၆၃)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကစားသွားမည်

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း၂၂သင်းတို့က အုပ်စုခြောက်စုခွဲကာ ဩဂုတ် ၆ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီတို့ နေပြည်တော်ပျဉ်းမနားရှာကောက်ရပ်ကွက် သောကြာဆွမ်းလောင်းဓမ္မာရုံ၌ အရုဏ်ဆွမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားရှိ သောကြာဆွမ်းလောင်းဓမ္မာရုံ၌ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အရုဏ်ဆွမ်းလောင်းလှူ

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ဒေသတာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးဒေါ်မြသိင်္ဂီ မိသားစုအားအမှူးထား၍ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် ယမန်နေ့နံနက်၅နာရီတွင် နေပြည်တော်ပျဉ်းမနား ရှာကောက်ရပ်ကွက် သောကြာဆွမ်းလောင်းဓမ္မာရုံ၌ အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပသည်။

လောင်းလှူ

အဆိုပါဆွမ်းလောင်းလှူပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ဒေသတာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး၊ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူးဦးကိုကြီးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များက နေပြည်တော်ပျဉ်းမနားပါဠိတက္ကသိုလ် မင်္ဂလာဓေယျံ့ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်အရှင်မြတ်၈၅၆ပါးတို့အား ဆွမ်းခဲဖွယ်ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဦးစိုးသာတက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းစီမံကိန်းဦးစီးမှူးများ၊ ခရိုင်စီမံကိန်းဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အမှာစကားပြောကြားသည်။

တင်ပြ

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုများကို တင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်နယ်နှင့်တိုင်း စီမံကိန်းဦးစီးမှူးများက မိမိတို့ပြည်နယ်နှင့်တိုင်းအလိုက် စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးရေးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်း ကျွဲ၊ နွားကာကွယ်ဆေးထိုးနှံ၊ အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇူလိုင် ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ၌ လယ်ယာလုပ်ငန်းဝင်ရောက်လျက်ရှိသော ကျွဲ၊နွားများ ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာသန်စွမ်းစေရေးအတွက် အထူးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကြန်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကြည်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၅ရက်မှ ၂၄ရက်အထိ လေဘေးသင့်ကျေးရွာအုပ်စု ၁၃အုပ်စုသို့ တစ်ရွာဝင်တစ်ရွာထွက် ကွင်းဆင်းသွားရောက်ကြပြီး ကျွဲ၊ နွား ၈၀၂ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ကျွဲ၊ နွား ၆၃ကောင်အား ခွာနာ၊လျှာနာ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျွဲ၊ နွား ၂၇၂ကောင်အား အထွေထွေဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပြီး ကျွဲ၊ နွားအားဖြည့်အစာတောင့် အိတ် ၁၁၈၀ကို လက်ဝယ်အရောက် အခမဲ့ဖြန့်ဖြူးပေးခဲ့ကြသည်။

ကျေးရွာအလိုက်ကျင်းပ

အဆိုပါ ကွင်းဆင်းအဖွဲ့ နှစ်ဖွဲ့သည် ယမန်နေ့နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်တယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တယ်ချောင်း၊ သဲဖြူချောင်းနှင့် ရေကျော်ကြီးကျေးရွာများ၌ ကျွဲ၊ နွားကောင်ရေ ၁၉၀အား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ကျွဲ၊ နွား ၃၄ကောင်အား အထွေထွေရောဂါဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျွဲ၊ နွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျေးရွာအလိုက်ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ် ၁၅ ရက်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သောသီတာ(၂)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နယ်စပ်ဒေသကတိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် လျော့နည်းကျဆင်းလာ

● ရှေ့ဖုံးမှ

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ဖြင့် သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပထဝီဝင် အနေအထားအရ အခက်အခဲ၊ အဟန့်အတားများရှိ၍ အတွင်းပိုင်းဒေသများနှင့် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်နိုင်အောင် အထူးအာရုံစိုက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံနယ်ချဲ့လက်အောက်ရောက်ရှိစဉ်ကာလတွင် အမြတ်အစွန်း ရရှိရန်ခက်ခဲသော နယ်စပ်ဒေသများနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို နယ်ချဲ့တို့လျစ်လျူရှုခဲ့၍ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့်အပြင် ကိုလိုနီအမွေဆိုးနှင့် ပြင်ပ ပယောဂများကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း၄၀ခန့် နယ်စပ်ဒေသများ၌ ပြည်တွင်းသောင်းကျန်းမှုပေါ်ပေါက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများနှင့် နယ်စပ်နေ တိုင်းရင်းသားပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျခဲ့ကြကြောင်း။

နိုင်ငံတော်အဆင့်

ထို့ကြောင့် လက်ရှိ နိုင်ငံတော်အစိုးရ စတင် တာဝန်ယူချိန်တွင် ''ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး'' ဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံတစ်ဝန်းတရားဥပဒေစိုးမိုးရေးနှင့်အေးချမ်းတည်ငြိမ်ရေးကို ပထမဦးဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၉ခုနှစ် မတ်လ ၃၁ရက်တွင် ကိုးကန့်ဒေသနှင့် မေလ ၉ရက်တွင် 'ဝ'ဒေသက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစတင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ယင်းအဖွဲ့များ ဝင်ရောက်ပြီးပြီးချင်း ၁၉၈၉ခုနှစ် မေလ၂၅ရက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို စတင်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် စီမံကိန်းလုပ်ငန်းများကို အနီးကပ် ကြီးကြပ် အကောင်အထည်ဖော်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ၁၉၈၉ခုနှစ် မေလ၃၁ရက်တွင် ဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင် ဆောင်ရွက်ချိန်မှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်းကြောင့် နယ်စပ်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၁၉၉၂ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနတစ်ခုကိုပါ အသစ်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် ပြီးခဲ့သည့် ၁၈နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်အထူးမြင့်မားခဲ့ပြီး အောင်မြင်မှုများရရှိနေခြင်းကို တွေ့ကြရမည် ဖြစ်ကြောင်း။

အကုန်အကျခံ

ယခုနှစ်သည် စတုတ္ထငါးနှစ်စီမံကိန်းကာလ၏ စီမံကိန်းဒုတိယနှစ် ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတင်သည့် ၁၉၈၉ ခုနှစ်ကနေ ယခုအထိ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၂၃၁၁၃ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း။

လမ်းညွှန်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၇) တွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **''နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးနှင့်စီးပွားရေး ကဏ္ဍများကို ဦးစားပေးဆောင်ရွက်ရန်နှင့် ရရှိပြီးအောင်မြင်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်''** လမ်းညွှန်ခဲ့ကြောင်း။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး အဓိကကျသည့် လမ်းကြီးများကို ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သောနေရာများတွင် လမ်းများတိုးချဲ့ဖောက်လုပ်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်ကနယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ နယ်စပ်ဒေသနေတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးငယ်များ လူ့စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွင် ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၌ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီးလည်း အထူးပြုဆောင်ရွက်ပေးနေကြောင်း၊ စာပေပညာ သင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန်စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ တိုင်းရင်းသားအမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၄ကျောင်း ဖွင့်လှစ်ထားရှိပြီး အခြေခံ ပညာ မပြီးမြောက်သည့် တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင် စသော သက်မွေး ပညာရပ်များ သင်ကြားပေးသည့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့်မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေး

ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း အမျိုးသားကျန်းမာရေး ကော်မတီက ''ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်'' ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒတစ်ရပ်ကိုချမှတ်ပြီး နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်း၊ ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းတို့ဖြင့် ကူညီပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

အသေးစားဆည်နှင့်တူးမြောင်းများ ဖော်ထုတ်ဆောင်ရွက်ပေးနေသကဲ့သို့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်း တောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိကြောင်း။

တိုးချဲ့စိုက်ပျိုး

ယင်းသို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီ လက်ထက်ကတည်းက နှစ်ပေါင်း ၁၅၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုများ ချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅ နှစ် စီမံကိန်းရေးဆွဲ ချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

အသိအမှတ်ပြု

ယခုဆိုလျှင် နယ်စပ်ဒေသက တိုင်းရင်းသားများပူးပေါင်းပါဝင်မှုကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့် လျော့နည်းကျဆင်းလာနေပြီ ဖြစ်ကြောင်း၊ ယင်းသို့ လျော့နည်းကျဆင်းလာခြင်းကိုလည်း နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

ဦးစားပေးဆောင်ရွက်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **''နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများ ဆူကြံ့နိမ့်မြင့် ကွာဟချက်နည်းပါးမှသာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ ထူထောင်နိုင်မည်ဖြစ်သည်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး ဆက်လက်ဆောင်ရွက်သွားကြရန်''** နတလဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၀၇)တွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

မျက်ဝါးထင်ထင်

ထို့ကြောင့် နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် မှန်ကန်သော မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ နိုင်ငံတော်တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းတာထက်ပိုမိုအောင်မြင်မှုရရှိပြီး နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

သာမန်ပြည်သူအားလုံး လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနေသည်ကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးဘဲ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ်အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးသည့် နယ်စပ်ဒေသများ၌ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ရန်ပုံငွေသုံးစွဲမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ယန္တရားများဖြန့်ခွဲထားရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများက ဒေသအလိုက်ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် အဆုံးအဖြတ်ရယူမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနက အဆုံးအဖြတ်ရယူရန်နှင့် မှတ်တမ်းတင်ရန် ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက နယ်စပ်ဒေသများနှင့် ယင်းဒေသများရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇူလိုင်၂၃ရက်က ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ မိခင်ကြီး ဒေါ်အုန်းရီ(၆၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးမြင့်သိန်း-ဒေါ်အုန်းရီ၊ သမီးကြီး ဒေါက်တာရီမြင့်သက်-ကိုထိန်ဝင်း၊ သမီးလတ် ဒေါက်တာရီမြင့်ဆွေ-ကိုကျော်ကျော်ထွန်း၊ သမီးထွေး ဒေါက်တာရီမြင့်ထွေး၊ မြေး ကွိကွိ(ခ)အိမ်လင်းသူ မိသားစုက ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးကြိုင်မြင့်က လက်ခံယူစဉ်။ (က-ပ)

အသေးစားဆည်နှင့်တူးမြောင်းများ ဖော်ထုတ်ဆောင်ရွက်ပေးနေ သကဲ့သို့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိ။

သီရိဂုဏ်ဝေဓမ္မပီမာန်ကျောင်းတိုက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြကျေးရွာ(လေးဒေါင့်ကန်)သီရိဂုဏ်ဝေဓမ္မပီမာန်ကျောင်းတိုက် ဆောက်လုပ်ဆဲမဟာထေရ်စံကျောင်းတော်တွင် ပူဇော်မည့် ဈာနမုဒြာရုပ်ပွားတော်အတွက် ညီမဖြစ်သူ ဒေါ်ယင်ယင်အားရည်စူး၍ အစ်ကိုဖြစ်သူ ဒေါက်တာဦးကျော်စိုးက ကျပ်၁၀သိန်း၊ တူမဖြစ်သူ ဦးခန့်ကြီး-ဒေါ်မို့မို့အေးမိသားစုကကျပ်တစ်သိန်းနှစ်သောင်းနှင့် လေဘေးဒဏ်သင့်သွားသော ဆွမ်းစားကျောင်းအမိုးနှင့် ဘုရားစောင်းတန်းအမိုးတို့အတွက် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာ)မိသားစုက ရှစ်ပေဇင့်သွပ်အချပ်၁၀၀ အတွက် တန်ဖိုးငွေ ၁၂သိန်းကို အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်)ထံ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဆက်သွယ်နိုင်

ယင်းကျောင်းတိုက်သည် သက်ကြီးရွယ်အိုစစ်မှုထမ်းဟောင်းမိသားစုများအား စရိတ်ငြိမ်းဝိပဿနာတရားတော်များကို အားထုတ်နိုင်စေရန် ဆောင်ရွက်ပေးသည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၅၁၅၁၄၊ ၀၁-၅၉၉၀၅၄၊ ၅၉၉၀၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) (၅၉)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်၇၇ အသင်းတိုက်ခန်းမ၌ကျင်းပရာ တစ်နိုင်ငံလုံးရှိ မင်္ဂလာစာဖြေဌာနရှိသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်များ၊ YMBA အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်နှင့်အမှုဆောင်များ၊ အလှူရှင်များ၊ အသင်းသားများနှင့် မြို့နယ်အသီးသီးမှ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားကို မင်္ဂလသုတ် ပရိတ်တရားတော်များ ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်က အမှာစကားပြောကြားကာ အသင်းအတွင်းရေးမှူး ဦးစိန်သန်းက မင်္ဂလာဆုနှင်းသဘင် ကျင်းပနိုင်မှုအကြောင်း တင်ပြသည်။ ဆက်လက်၍ အသင်းနာယကများ၊ အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အလှူရှင်များက မင်္ဂလာဆုရ တတိယဆင့် အကြီးတန်း ၁၀ဦး၊ ဒုတိယဆင့် အလတ်တန်း ၂၀နှင့် ပထမဆင့် အငယ်တန်း ၄၀ တို့အား ဆုချီးမြှင့်ပေးကြသည်။**(အပေါ်ပုံ)** ထို့နောက် ဆုရရှိသူများကိုယ်စား ဇရာဝတီတိုင်း ပုသိမ်မြို့ အလက (၁)မှ မအိပြည့်ပြည့်ဖြိုးနှင့် ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကျေးနီကန်တိုက်အုပ်ကျောင်းမှ မလှခင်နုတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖြေဆိုခဲ့

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂ရက်က မြို့နယ်အသီးသီးရှိ စာစစ်ဌာနပေါင်း ၅၂၆ခု၊ ကျောင်းပေါင်း ၇၆၄ ကျောင်း၌ မင်္ဂလာစာမေးပွဲကို တတိယဆင့် အကြီးတန်း ၁၉၇၆ဦး ဝင်ရောက်ဖြေဆိုရာ ၁၂၉၂ဦး၊ ဒုတိယဆင့် အလတ်တန်း ၁၀၂၄၃ ဦးဝင်ရောက်ဖြေဆိုရာ ၇၀၃၉ဦး၊ ပထမဆင့် အငယ်တန်း ၃၃၈၁၉ဦး ဝင်ရောက်ဖြေဆိုရာ ၂၉၈၃၈ဦး အောင်မြင်ခဲ့ကြသည်။ အောင်မြင်သူ စုစုပေါင်း ၃၈၁၆၉ ဦးအနက် မင်္ဂလာထူးချွန်ဆုရရှိသူ ၇၀ကို ယခုအခမ်းအနား၌ ဆုချီးမြှင့်ခြင်းဖြစ်ပြီး ကျန်အထူးဆုရရှိသူ ၂၁၃၀နှင့် ရိုးရိုးအောင်မြင်သူ ၃၅၉၆၉ ဦးတို့အား သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ဆုများ ဆက်လက်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့လယ်ယာစိုက်ပျိုးရေးတောင်သူများအတွက်သတင်းကောင်း ဘိုင်အိုစူပရင်း ဇီဝမြေသြဇာ၏အကျိုးပြုပုံနှင့်ထူးခြားမှုများ

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးကို နည်းအမျိုးမျိုးဖြင့် တီထွင်ကြံဆ ဖော်ဆောင်ရာ၌ စိုက်ပျိုးသီးနှံများ အထွက်တိုးရေးသည် အဓိကကျလျက်ရှိသည်။

မြန်မာ့လယ်ယာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြေသြဇာများ စနစ်တကျသုံးစွဲရေးသည် အထူးလိုအပ်သည်ဖြစ်ရာ အမျိုးအစားမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် ဇီဝမြေသြဇာ၏အကျိုးပြုပုံ၊ ထူးခြားမှုဖြစ်စဉ်များနှင့်ပတ်သက်သော ဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းခန်းမ၌ ဇူလိုင် ၂၆ရက် မွန်းလွဲ၁နာရီက ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ဆွေးနွေးပွဲ၌ မြေဆီလွှာ ကျွမ်းကျင်ပညာရှင်များနှင့် စိုက်ပျိုးရေးအကြံပေးပုဂ္ဂိုလ်များက ဇီဝမြေသြဇာ အသုံးပြုရန်လိုအပ်လာပုံနှင့် စိုက်ပျိုးရေးလုပ်ငန်း၌ ဇီဝမြေသြဇာ၏အခန်းကဏ္ဍများ၊ ဘိုင်အိုစူပရင်း ဇီဝမြေသြဇာ ထုတ်လုပ်ရခြင်း ရည်ရွယ်ချက်နှင့် ထုတ်လုပ်မှုအရည်အသွေး ထိန်းသိမ်းမှုနည်းလမ်းများ၊ ဘိုင်အိုစူပရင်း ဇီဝမြေသြဇာ သုံးစွဲနည်းနှင့် ရလဒ်များ၊ မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးရေး၌ ဇီဝမြေသြဇာ၏ အခန်းကဏ္ဍနှင့် အနာဂတ်အလားအလာကောင်းများကို ဆွေးနွေးကြသည်။

အဆိုပါ ဟောပြောပွဲကို မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကဦးဆောင်ပြီး စူပရင်း ကုမ္ပဏီများ အုပ်စုမှ ပူးပေါင်းကျင်းပခြင်းဖြစ်ရာ စိတ်ဝင်စားစွာ တက်ရောက်လေ့လာသူများ ခန်းမတစ်ခုလုံး ပြည့်လျက်ရှိသည်ကို တွေ့ရသည်။

အထွက်နှုန်းကောင်း

“ကွမ်းပင်တွေအရွက်လှပြီး စံချိန်မီ ရောင်းတမ်းဝင် ဖြစ်သလို အထွက်နှုန်းလည်း ကောင်းပါတယ်”

ဦးဝင်းမြင့်
အကြံပေးအရာရှိ

ဘိုင်အိုစူပရင်း

ထို့နောက် ဘိုင်အိုစူပရင်း ဓာတ်မြေသြဇာနှင့် ပတ်သက်ပြီး စူပရင်း ကုမ္ပဏီများအုပ်စု၊ စိုက်ပျိုးရေး နည်းပညာအဖွဲ့မှ အကြီးတန်းအကြံပေး အရာရှိ ဦးအောင်ရွှေက “ဘိုင်အိုစူပရင်းဆိုတာ ဓာတုပစ္စည်းလုံးဝမပါရှိတဲ့ ဇီဝမြေသြဇာတစ်မျိုး ဖြစ်ပါတယ်။ပြည်တွင်းမှာပေါက်တဲ့သဘာဝအပင်တွေနဲ့ ပြုလုပ်ထားတဲ့ သဘာဝဓာတ်မြေသြဇာလည်းဖြစ်ပြီး ပြည့်ဝစွာ ဆွေးမြည့်တဲ့ မြေသြဇာဖြစ်ပါတယ်။ ဆွေးမြည့်မှု မပြည့်စုံရင် အပင်ကို အဆိပ်သင့်ပြီး အကျိုးမဲ့စေပါတယ်။ ဘိုင်အိုစူပရင်းမြေသြဇာဟာ အစိုနဲ့ထိတွေ့ရင် အပူချိန်လုံးဝမတက်ပါဘူး။ အပင်တွေကို ပိုးမွှားနဲ့ရောဂါ အန္တရာယ်လည်း ကင်းဝေးစေပါတယ်။ ထုတ်လုပ်တဲ့ နည်းပညာက ဩစတြေးလျနည်းပညာပါ။ ထူးခြားမှုက ဒီမြေသြဇာမှာ အဏုဇီဝ သက်ရှိ ၂၅မျိုးကျော်ကို ထည့်သွင်းထုတ်လုပ်ထားပါတယ်။ ဒါကြောင့် ဘိုင်အိုစူပရင်း မြေသြဇာလို့ ခေါ်တာပါ”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ဘိုင်အိုစူပရင်း ဆိုတာ ဓာတုဗေဒ လုံးဝမပါတဲ့ ဇီဝဓာတ်မြေသြဇာပါ။ပိုးမွှား အန္တရာယ်လည်း ကင်းဝေး စေပါတယ်”

ဦးအောင်ရွှေ
အကြံပေးအရာရှိ
(စူပရင်း ကုမ္ပဏီများ အုပ်စု)

ဘိုင်အိုစူပရင်း မြေသြဇာတွင် ပါဝင်သည့် အဏုဇီဝအုပ်စုများမှာ လေထဲမှနိုက်ထရိုဂျင်ကိုဖမ်းပြီး အပင်စားသုံး၍ရအောင် လုပ်ပေးနိုင်သည့် အုပ်စု၊ ဖော့စပရပ်ဓာတ်မြေသြဇာ ထည့်သလို အကျိုးရှိအောင် လုပ်ပေးနိုင်သည့် အုပ်စု၊ အပင်ရောဂါမကျရောက်အောင် ပဋိပစ္စည်းများစုပ်ထုတ်ပေးသည့် အုပ်စု၊ အပင်အမြစ်များကို သန်စွမ်းပြီး အပင်ကြီးထွားမှု မြန်စေသည့်အုပ်စုနှင့် အပင်များအတွက် ဖော့စပရပ်စုပ်ယူပေးသည့် အုပ်စုများဖြစ်ကြောင်း သိရသည်။ ဘိုင်အိုစူပရင်း မြေသြဇာကို တွင်ကျယ်စွာ အသုံးပြုနေသည့် စိုက်ပျိုးရေး သီးနှံများမှာ စပါး၊ ပဲမျိုးစုံ၊ အာလူး၊ လိမ္မော်၊ ရော်ဘာ၊ ငှက်ပျော၊ ကွမ်းနှင့် ရဲယို စိုက်ပျိုးရေးတို့ ဖြစ်ကြောင်းလည်း သိရသည်။

ကြီးထွား သီးအားကောင်း

“ဘိုင်အိုစူပရင်း သုံးစွဲခဲ့လို့ အပင်တွေ ကြီးထွားမှု မြန်ပြီး အသီး အားလည်း ကောင်းပါတယ်”

ဦးတင်ဝင်း
လက်တွေ့သုံးစွဲသူ

အကာအကွယ်

ထို့အပြင် စိုက်ပျိုးရေးနည်းပညာအဖွဲ့မှ အကြီးတန်းအကြံပေးအရာရှိ ဦးဇော်သန်းကလည်း “ဒီမြေသြဇာက ရေငန်ဝင်တတ်တဲ့မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်၊ ရခိုင်နဲ့ တနင်္သာရီတိုင်းတွေမှာလည်း အသုံးဝင်ပါတယ်။ ရေငန်ကြောင့် စပါးပင် ခြောက်မှုတွေနဲ့ ရွက်ဖျားခြောက်မှုတွေကို အကာအကွယ် ပေးနိုင်ပါတယ်။ စိုက်ပျိုးဖို့ မြေပြင်ချိန်မှာ တစ်ဧကကို ဘိုင်အိုစူပရင်း နှစ်အိတ်နဲ့ ပုလဲမြေသြဇာ အိတ်ကြီး တစ်ဝက်၊ အပင်ပွားချိန်မှာ ဘိုင်အိုစူပရင်းမြေသြဇာ တစ်အိတ်နဲ့ ပုလဲမြေသြဇာ တစ်အိတ်ရဲ့ လေးပုံနှစ်ပုံ၊ အပင်မှီကပ်ချိန်မှာ ဘိုင်အိုစူပရင်း အိတ်တစ်ဝက်နဲ့ ပုလဲမြေသြဇာ တစ်အိတ်ရဲ့ လေးပုံတစ်ပုံ ထည့်ပေးရင် အပင်ရှင်သန်ကြီးထွားမှုနဲ့ ရေငန်ဒဏ် ခံနိုင်မှုတွေအတွက် အကောင်းဆုံး ဖြစ်သွားမှာပါ”ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

အထွက်နှုန်းတိုး

ထို့နောက် ဇီဝမြေသြဇာဖြစ်သည့် ဘိုင်အိုစူပရင်းမြေသြဇာကို အသုံးပြုခြင်းဖြင့် မည်သည့်စပါးမျိုးမဆို တစ်ဧကအထွက်နှုန်း၁၀ရာခိုင်နှုန်းတိုးကြောင်း၊ ငွေကြေးပိုမိုရရှိမှု အနေဖြင့် တစ်ဧက ၂၅ရာခိုင်နှုန်း ပိုရနိုင်ကြောင်း၊ ထွက်ရှိလာသည့် စပါးများကို ကြိတ်ခွဲသည့်အခါ အကျိုး အကြေနည်းပြီး စပါးတင်း ၂၀ ကြိတ်လျှင် ဆန်ကိုးတင်းခွဲနှုန်း ထွက်ရှိကြောင်း၊ အထားအသိုခံနိုင်ပြီး ထမင်းချက်သည့်အခါလည်း ကြာရှည်ခံကြောင်း၊ ယခင်က တစ်ဧကတင်း၅၀နှုန်းထွက်လျှင်ယခုမြေသြဇာ သုံးစွဲပါက တင်း ၇၀နှုန်း ထွက်မည် ဖြစ်ကြောင်း၊ ကောက်ပင်ဘဝ၌ပင် ရေဒဏ်၊ လေဒဏ် ခံနိုင်အောင် အမြစ်ပွားနှုန်း ကောင်းကြောင်း စိုက်ပျိုးရေးနည်းပညာ အကြီးတန်း အကြံပေးအရာရှိတစ်ဦးဖြစ်သူ ဦးဝင်းမြင့်ကလည်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ရေငန်ဝင်တတ်တဲ့ မြစ်ဝကျွန်းပေါ် ဒေသတွေမှာလည်း အသုံးဝင်ပါတယ်”

ဦးဇော်သန်း
အကြံပေးအရာရှိ

အကျိုးကျေးဇူး

ထို့နောက်ယခုဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသော ဘိုင်အိုစူပရင်းမြေသြဇာ လက်တွေ့သုံးစွဲသူတစ်ဦးဖြစ်သည့် ရွှေနဂါး ဦးတင်ဝင်းက “ကျွန်တော် မော်ဘီဘက်မှာ ရဲယိုအပင် ၅၀၀၀ စိုက်ထားတာ ဘိုင်အိုစူပရင်း သုံးစွဲခဲ့လို့ အခုဆိုရင် ပုံမှန်ထက် တစ်လစောပြီး အပွင့်ပွင့် အသီးသီးတယ်၊ အပင်တွေကြီးထွားမှု မြန်ပြီး အသီးအားလည်း ကောင်းတယ်၊ အကျိုးကျေးဇူးက အများကြီးပါ”ဟု ပြောပြသွားသည်။

သတင်းကောင်း

မြန်မာ့လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ထူးခြားစွာ အကျိုးရှိစေမည့် ဘိုင်အိုစူပရင်းမြေသြဇာနှင့် ပတ်သက်ပြီး ဟောပြောဆွေးနွေးမှုများသည် စိုက်ပျိုးရေးသမားများအတွက် သတင်းကောင်းများ ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဇီဝမြေသြဇာဖြစ်သည့် ဘိုင်အိုစူပရင်းမြေသြဇာကို အသုံးပြုခြင်းဖြင့် မည်သည့်စပါးမျိုးမဆို တစ်ဧကအထွက်နှုန်း ၁၀ရာခိုင်နှုန်း တိုးကြောင်း၊ ငွေကြေးပိုမိုရရှိမှု အနေဖြင့် တစ်ဧက ၂၅ရာခိုင်နှုန်း ပိုရနိုင်။

ဘိုင်အိုစူပရင်းဇီဝမြေသြဇာအသုံးပြုပြီး အသီးအနှံများ ရှင်သန်ကြီးထွားမှုကို ဤသို့တွေ့ခဲ့ရသည်။

မပေးပေးပေး-ပေးပေးပေး- ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး

ဇာတ်ဆရာမောင်ကျောက်ဒိုး

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ဆိုလျှင် မြန်မာဇာတ်ပွဲပရိသတ်က သိကြသည်။ ဆေးပေါ့လိပ်ကြီးထဲ ရွှေဒင်္ဂါးပြားထည့်ပြီး လက်ဆောင်ပေးကြသည်အထိ ရွှေမန်းဦးတင်မောင်ကို ကြိုက်ကြသည်။ ဂရိတ်ဦးဖိုးစိန်ကြီးလည်း အလားတူ ဆေးပေါ့လိပ်ထဲ ရွှေဒင်္ဂါးပြားထည့်ပြီး အမျိုးသမီးများက လက်ဆောင်ပေးခံရသူ ဖြစ်သည်။ ယနေ့ အသက်ခြောက်ဆယ်အရွယ်၊ ခုနစ်ဆယ်အရွယ်များစွာသည် ရွှေမန်း၏ ပရိသတ်များ ဖြစ်ခဲ့ကြသည်။

ရွှေမန်းဦးတင်မောင်သည် စာဖတ်သည်၊ စာမှတ်သည်၊ စာဖြင့်ဝမ်းစာပြည့်သူဖြစ်သည်။ အဆိုကောင်း၊ အကကောင်း၊ တီထွင်ဆန်းသစ်မှုကောင်း၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုကောင်းဖြစ်သည်။ ဦးတင်မောင်၏ နောက်ပိုင်းဇာတ်ထုပ်ရှည်များတွင် လက်ဝဲသုန္ဒရကို သတိရကြဆဲဖြစ်သည်။ ဇာတ်ဝင်ရတုကြီးဖြစ်သော မဲဇာတောင်ခြေ၊ စီးထွေထွေတည့်ကို ရွှေမန်းက ဋ္ဌာန်ကရိုဏ်းကျကျ သီဆိုသွားသည်ကို စာသမား၊ ပေသမားများပင် လက်ဖျားခါခဲ့ကြရသည်။

စာဖတ်၊ စာမှတ်၊ စာကျက်နာလှသော ဦးတင်မောင်၏ အစွမ်းကို ဗုဒ္ဓဝင်ဇာတ်ထုပ်များ၌တွေ့ရသည်။ ဦးတင်မောင်က ကာဠုဒါယီ အမတ်ကြီးနေရာ၊ လူရွှင်တော်ဦးဓာတ်ရှင်က ဗက(အမတ်)ဘိုးဘိုးကြီးနေရာ၊ အချေအတင်၊ အချီအချ စာစကားများဖြင့် အပြန်အလှန် ပြောခန်းများမှာ ပရိသတ်အဖို့ မမေ့နိုင်စရာ။ နှစ်ဦးစလုံး၏ ပညာရည်ကို လေးစားစရာဖြစ်ရသည်။

ရွှေမန်းဦးတင်မောင်၏ ရှေ့ပိုင်းပြဇာတ်၊ ဇာတ်ထုပ်တိုကလေးများမှာလည်း ပရိသတ်ကို ဆွဲဆောင်နိုင်သည်။ မြန်မာ့အသံမှ လွှင့်ထုတ်ပေးနေကျ ရွှေမန်းဦးတင်မောင်၏ ရွှဲကုန်သည်ဇာတ်မှာ ဇာတ်ကောင်း၊ ဇာတ်သွက်ဖြစ်သည်။ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်ဝင် ဇာတ်ဖြစ်သည်။ မင်းသားဆိုသည်မှာ (ရှေးက) ဇာတ်လိုက်နေရာမှသာ သရုပ်ဆောင်လေ့ရှိသည်။ ဇာတ်လိုက်၊ အဓိကဇာတ်ကောင် နေရာမှသာ မင်းသားကပါဝင်ပြီး Hero အဖြစ် သရုပ်ဆောင်လေ့ရှိခဲ့သည်။ ရွှဲကုန်သည်ဇာတ်တွင် ရွှေမန်းဦးတင်မောင်သည် လူဆိုး (Villain) နေရာမှ သရုပ်ဆောင်သည်။ ကျရာဇာတ်ရုပ်ကို နိုင်နိုင်နင်းနင်း သရုပ်ဆောင်နိုင်ကြောင်း ပြသသွားခဲ့သည်။

ရွှဲကုန်သည်ဇာတ်ထုပ်၏ ဇာတ်လမ်းမှာ ဤကဲ့သို့ဖြစ်သည်။ မြစ်ကူးချောင်းခြားလှေဖြင့်ရွှဲလုံးလှည့်လည်ရောင်းသော ရွှဲကုန်သည်နှစ်ဦးရှိသည်။ တစ်ဦးကား မတော်လောဘကြီးသည်၊ စိတ်ထားကောက်ကျစ်သည်။ ကျန်ရွှဲကုန်သည်ကား စိတ်ထားဖြူစင်ရိုးသားသော ကုန်သည် (ဘုရားလောင်း)ဖြစ်သည်။ စိတ်ထားဆိုးယုတ်သော ရွှဲကုန်သည် (ရွှေမန်း ဦးတင်မောင်)သည် ရွာတစ်ရွာသို့လှည့်ကာ ရွှဲလုံးများရောင်းသည်။

အိမ်တစ်အိမ်တွင် အလွန်ဆင်းရဲသော မြေးအဘွားနှစ်ယောက်ရှိသည်။ စားရေး၊ သောက်ရေးပင် မပြည့်စုံချေ။ သို့သော် မြေးမကလေးက "ရွှဲကုန်သည်လာပြီဗျ- ကညာမဒီနှမတို့ မျှော်ရော့မယ်" စသည့် ဗုံထောက်သံ ဆိုလာသော ရွှဲကုန်သည်(ရွှေမန်းဦးတင်မောင်)ထံမှ ရွှဲလုံးဝယ်ယူလိုကြောင်း အဘွားအား နားပူတော့သည်။ အဘွားထံ ပိုက်ဆံကမရှိ။ ရွှဲကုန်သည်ကလည်း အရောင်စုံလှသော ရွှဲလုံးလေးများပြကာ ကလေးငယ်ကို မြှူဆွယ်၏။ မြေးငယ်ငိုလွန်းမက ငို၍ အဘွားက မီးဖိုချောင်ရှိ မှိုင်းတက်၊ ကျပ်ခိုးလွှမ်းနေသော ခွက်ဟောင်းတစ်လုံးထုတ်လာပြီး ဤခွက်ကို တန်ဖိုးဖြတ်ယူပြီး ရွှဲလုံးလေးပေးပါဟုဆိုကာ ရွှဲကုန်သည်က ခွက်ကိုမြင်သည်နှင့် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်မှန်းသိ၏။ သို့သော် အဖိုးမတန်လေဟန်ပြောပြီး ထိုခွက်ကို ပြန်ပေး၏။ အမှန်အားဖြင့် အလကားလောက်နီးနီးဖြင့် ရအောင် ခွက်စုတ်ခွက်ပဲ့ဟုဆိုကာ ထွက်သွား၏။ ပြီးမှ ပြန်လာကာ ရွှဲလုံးခပ်ငယ်ငယ်လောက်နှင့်လဲရန် ကြံစည်ထား၏။

ထိုရွှဲကုန်သည်ထွက်သွားပြီး မကြာမီ ဘုရားလောင်းရွှဲကုန်သည် ရောက်လာ၏။ မြေးက ပူဆာ၊ အဘွားက ရွှေခွက်ထုတ်ပြပြန်၏။ စိတ်ထားဖြူစင်သော ရွှဲကုန်သည်က ရွှေခွက်မှန်းသိသဖြင့် ပါလာသော ငွေအားလုံးနှင့် ရွှဲလုံးအားလုံးပြကာ အဘွား၏ သဘောတူညီချက်ဖြင့် လဲလှယ်လိုက်၏။ ဘုရားလောင်းသည် ရွာသို့ လှေကြုံစီး၍ပြန်၏။ ရွှဲကုန်သည် (ရွှေမန်းဦးတင်မောင်) ထိုအဘွားအိမ်သို့ နောက်တစ်ကြိမ် ပြန်ရောက်သောအခါ ရွှေခွက်ပါသွားမှန်းသိပြီး မြစ်ဆိပ်သို့ သွေးရူးသွေးတန်းပြေးဆင်းလာ၏။ အတန်ငယ်ကွာဝေးသွားပြီဖြစ်သော ဘုရားလောင်း ရွှဲကုန်သည်၏ လှေကို ပြန်ခေါ်၏။

"ဟေ့လူ -အဲဒါ ကျုပ်ရွှေခွက်ဗျ၊ လှေပြန်လှည့်ခဲ့၊ ကျုပ်ရွှေခွက်ကျုပ်ပြန်ပေး"ဟု ဆောက်တည်ရာမရ အော်ဟစ်နေသော်လည်း လှေကားပြန်လှည့်မလာ။ ဤတွင် ရွှဲကုန်သည်၏ လောဘ၊ ဒေါသ၊ မောဟတို့သည် သူ့ကိုရူးသွပ်သည်အထိ နှိပ်စက်တော့သည်။

"ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး"

ဤနေရာတွင် ရွှေမန်းဦးတင်မောင်၏ သရုပ်ဆောင်မှုမှာ အကယ်ဒမီတန်းဝင်လေသည်။

* * *

(၂)

၁၉၉၀ပြည့်နှစ်ကာလက မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ဇာတ်ထုပ်ကြီးတင်ဆက်ခဲ့လေသည်။ ၁၉၈၈-၈၉အတွင်း သူ့ထက်ငါ အပြိုင်ဖွဲ့စည်းခဲ့သော နိုင်ငံရေးပါတီ ၂၃၅ပါတီအနက် ၉၃ပါတီက ယင်းရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ထိုစဉ်က မဲဆွယ်ဗုံထောက်သံများမှာလည်း မြိုင်ဆိုင်လှသည်။

ပြည်ပမှ BBC, VOA, AIR စသည့် ရေဒီယိုသံစုံတီးဝိုင်းများကလည်း မတိမ်းမစောင်း၊ ဗိန်းဗောင်းတိုက်ပေးကြသည်။ တောတွင်းသောင်းကျန်းသူများကလည်း လူကြမ်းအဖွဲ့အဖြစ် သရုပ်ဆောင်ကာ လက်နက်ကြီးများ ထောင်ဖောက်ပြကြ၏။ ဤတွင် ကိုယ်စားလှယ်တစ်ဦးတလေမျှ အရွေးမခံရသော ပါတီရှစ်ဆယ်ကျော် ကန့်လန့်ကာနောက် ဝင်သွားကြရ၏။ ပါတီ ၁၀ခုသာ လက်ရှိထင်ရှားကျန်ရစ်တော့၏။

မည်သို့ဆိုစေ။

မဲဆန္ဒရှင်အများစုက မဲလာမပေး။ ပေးကြသမျှ မဲဆန္ဒများ၏ ဧရာမများရာစု(ရာခိုင်နှုန်းများများ)ကိုမူ မည်သူမျှမရ။ သို့သော် ကာလပေါ်ဒီမိုကရေစီကိုက်တံနှင့်တိုင်းလျှင် တစ်မဲတည်း သာပါစေ၊ သာသည့်ဘက်က အနိုင် ဖြစ်ရပေသည်။ ဤသို့ဖြင့် NLD အမတ် (ကိုယ်စားလှယ်)နေရာ အများစု အရွေးခံရ၏။

ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက် ရွေးကောက်ပွဲတွင် အရွေးခံရသူများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ကြရမည်ဟု အတိအလင်းပြောခဲ့သည်။ ပြည်သူတစ်ရပ်လုံးပိုင်သော အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းအရသာ ကိုယ်စားလှယ်(အမတ်)များ၊ အစိုးရများက ကျင့်သုံးရမည်ဖြစ်၍ အခြေခံဥပဒေသည် မရှိမဖြစ်ဟု ကြေညာခဲ့သည်။ နိုင်ငံတော်ကလည်း ၁/၉၀ ကြေညာချက်ဖြင့် ရွေးကောက်ပွဲတွင် အရွေးခံရသော (NLD၊ တစည၊ ရှမ်းNLD နှင့် အခြားတိုင်းရင်းသားပါတီများမှ) ကိုယ်စားလှယ်များကို အခြေခံဥပဒေရေးဆွဲကြရန် တိုက်တွန်းခဲ့သည်။

၁၉၉၂ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် တည်ဆဲပါတီ ၁၀ခုမှ ခေါင်းဆောင်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များအား ဖိတ်ခေါ်ညှိနှိုင်းရာ NLD မှ ကိုယ်စားလှယ်အများဆုံး တက်ရောက်ခဲ့သည်။ ယင်းညှိနှိုင်းဆွေးနွေး သဘောတူညီချက်အရ ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားညီလာခံကြီး စတင်ကျင်းပခဲ့ရာ NLD ကိုယ်စားလှယ်တစ်ရာခန့် တက်ရောက်ခဲ့သည်။ အမျိုးသားညီလာခံကြီးတွင် အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများကို ညှိနှိုင်းချမှတ်ကြသည်။

NLD သည် ကောင်းပြီ ကောင်းလျက်နှင့် အမျိုးသားညီလာခံကြီးသို့ တက်ကြွစွာ ပါဝင်တက်ရောက်နေရာမှ ၁၉၉၅ ခုနှစ်နှောင်းပိုင်း၌ ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ဖြင့် ညီလာခံကို သပိတ်မှောက်ထွက်ခွာသွားခဲ့ကြသည်။ ယင်းသို့ သပိတ်မှောက်ထွက်ခွာခြင်းသည် မှားယွင်းကြောင်း ကန့်ကွက်ဆွေးနွေးသော NLD ကိုယ်စားလှယ်များမှာ ထွက်သူထွက်၊ ထုတ်ခံရသူခံရ ဖြစ်ခဲ့ရသည်။ NLD သည် ညီလာခံကို ကျောခိုင်း၊ အခြေခံဥပဒေ ပေါ်ထွန်းရေးကိုဆန့်ကျင်ပြီး ညီလာခံကို နည်းမျိုးစုံဖြင့် နှောင့်ယှက်လာကြ၏။ ၎င်းတို့ ကိုင်စွဲထားသည်ကား ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု၊ လွှတ်တော်ခေါ်ယူကျင်းပ၊ NLD ကို အာဏာအပ်ဟူ၍သာ ဥပဒေလက်လွှတ် ပြောဆိုလုပ်ကိုင်လာ၏။ ပြည်ပအားကိုးသံများ ပိုမိုကျယ်လောင်လာ၏။ **၁၉၉၀ ပြည့်နှစ် မေလ ၂၇ရက်နေ့ ရွေးကောက်ပွဲရလဒ်ဟူသည် ဥပဒေအရ ၁၉၉၄ခုနှစ် မေလ၂၆ရက်နေ့ကတည်းက သက်တမ်းကုန်ပျက်ပြယ်ခဲ့ပြီ ဖြစ်သည်။ ဤနိုင်ငံ၊ ဤကမ္ဘာ မဆိုထားနှင့် ဤစကြဝဠာ တစ်တိုက်လုံး၌ နှစ်ပေါင်း၂၀ ကျော် အမတ်ဘဝ တည်မြဲသည်ဆိုသော ရွေးကောက်ပွဲမျိုး မပေါ်ဖူးသေးချေ။**

NLD ၊ ပြည်ပ မီဒီယာဆိုးများ၊ပြည်ပြေးများ၊ သောင်းကျန်းသူများ မည်မျှပင် လက်တွဲနှောင့်ယှက်စေကာမူ အမျိုးသားညီလာခံကြီးသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကိုလည်း အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ ဦးက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ရက်နေ့မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့အတွင်း ရေးဆွဲပြီးစီးခဲ့ပေပြီ။

ပြည်သူတို့အကျိုးကို အဓိက အလေးပေးရေးဆွဲနိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ၂၀၀၈ခုနှစ် မေလ၁၀ရက်နေ့တွင် ၂၇၈ မြို့နယ်၌လည်းကောင်း၊ မေလ၂၄ရက်နေ့တွင် လေဘေးသင့် ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်ခွဲ အဆင့်ဆင့်က ဆန္ဒခံယူခဲ့ရာ မဲပေးခွင့်ရှိသူအားလုံး၏ ၉၉ ရာခိုင်နှုန်းခန့် မဲလာပေးကြပြီး မဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက တစ်ခဲနက် ထောက်ခံမဲပေး အတည်ပြုလိုက်ကြပေပြီ။ တစ်မဲသာလျှင်လည်း နိုင်တာပဲဆိုသော ကာလပေါ်ဒီမိုကရေစီကိုက်တံမျိုးနှင့် တိုင်းထွာရရှိသော ထောက်ခံမဲမျိုးမဟုတ်။ တကယ့်ကို ဧရာမ များရာစု (လူတစ်ရာလျှင် ၉၃ယောက်)က ထောက်ခံအတည်ပြုပေးလိုက်သော တကယ့်အမျိုးသားရေးအောင်ပွဲ ရလဒ်ကြီးဖြစ်တော့သည်။ ကန့်ကွက်မဲပေးကြ၊ ကြက်ခြေခတ်ကြဟူသော ပြည်တွင်း၊ ပြည်ပအဖျက်သမားတို့၏ ဖရုသဝါစာများ အားလုံး မေလ ၂၄ ရက်နေ့တွင် အမှိုက်ပုံးထဲ ရောက်သွားခဲ့ရသည်။

NLD ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို မိမိတို့လက်မခံ၊ အသိအမှတ်မပြု၊ တရားမဝင်၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကိုသာ လိုလားသည်ဟု ယခုတလော BBC, VOA, RFA, DVB တို့နှင့် ဗျူးရင်း NLD ပြောခွင့်ရပုဂ္ဂိုလ်၊ NLD ဥပဒေပညာရှင်ဆိုသူတို့က အာပေါင်အာရင်းသန်သန်ဖြင့် အော်ဟစ်နေကြပေသည်။ ၉၃ ရာခိုင်နှုန်းသော ပြည်သူတို့၏ ဆန္ဒသဘောထားထက် မိမိတို့လူတစ်စု အာဏာရရေးကိုသာ ရှေးရှုအော်ဟစ်နေသံများသည် ယနေ့မြန်မာ့နိုင်ငံရေး ဇာတ်ခုံ (ဇာတ်စင်) အောက်က ကြားနေရပြန်၏။

ဤတွင် ဇာတ်ဆရာ မောင်ကျောက်ဒိုးသည် ကွယ်လွန်သူ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ကိုသတိရမိသည်။ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ရွှဲကုန်သည်ဇာတ်ထုပ်ကို အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင် ကိုယ်တိုင်ပင် သရုပ်ဆောင်ပြီး ပြန်လည်ကပြစေချင်မိတော့သည်။

"ငါ့ရွှေခွက်ပေး- ငါ့ရွှေခွက်ပေး- မပေးပေးပေး- ပေးပေးပေး- ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး....."။ ။

ပြည်သူတို့အကျိုးကို အဓိကအလေးပေးရေးဆွဲနိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို၂၀၀၈ ခုနှစ် မေလ၁၀ရက် နေ့တွင် ၂၇၈ မြို့နယ်၌လည်းကောင်း၊ မေလ၂၄ရက်နေ့တွင် လေဘေးသင့် ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်ခွဲ အဆင့်ဆင့်က ဆန္ဒခံယူခဲ့ရာ မဲပေးခွင့်ရှိသူအားလုံး၏ ၉၉ ရာခိုင်နှုန်းခန့် မဲလာပေးကြပြီး မဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ရာခိုင် နှုန်းက တစ်ခဲနက် ထောက်ခံမဲပေး အတည်ပြုလိုက်ကြပေပြီ။

သစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲ

သတင်းမှတ်စု - ဝတ်ရည်ဆွေ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိရာတွင် မိုးဥတုသည် ဝါဆိုလပြည့်ကျော် ၁ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိဖြစ်သည်။ မိုးဥတုအတွင်း၌ မိုးများပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ရေပြည့်လျှံခြင်း၊ သစ်ပင်သစ်တော စိမ်းလန်းစိုပြည်ခြင်း စသည်တို့ကို သဘာဝအလျောက်တွေ့ရှိရပေသည်။ အဓိကအစားအစာများထဲမှ ဆန်စပါးကို မိုးရာသီတွင် အဓိကစိုက်ပျိုးကြသည်။

ပထမဆုံး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး ပင်မစီးပွားရေးလုပ်ငန်းများကိုလည်း လယ်ယာကဏ္ဍထုတ်ကုန်၊ သစ်တောကဏ္ဍထုတ်ကုန်များကို အခြေပြုပါသည်။ နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန်အတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပေသည်။ ထိုသို့ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့် အားလျော်စွာ ပြည်သူများအတွင်း စိုက်ပျိုးရေး အသိပညာကျယ်ပြန့်လာစေရန် မြန်မာ့သစ်ပင်ပွဲတော်ကို ၁၉၅၄ခုနှစ် ဇွန် ၂၇ရက်တွင် ပထမဆုံး စတင်ကျင်းပခဲ့သည်။

ပါဝင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးခြင်းကို ခေတ်အဆက်ဆက်ကျင်းပခဲ့ရာ ယခုအခါတွင်နိုင်ငံတော်က ကြီးမှူး၍ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပွဲတော်ကျင်းပပေးပြီး နိုင်ငံ့အကြီးအကဲများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်စိုက်ပျိုးပေးလျက်ရှိသည်။ နှစ်စဉ် ဇူလိုင်လကို မြန်မာ့သစ်ပင်စိုက်ပျိုးလအဖြစ် သတ်မှတ်ကာ နိုင်ငံတစ်ဝန်းလုံး စိုက်ပျိုးလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရဇီဝိတဒါနကုသိုလ် ရရှိနိုင်သည်။ ထိုသို့ကုသိုလ်မျိုးကို နိုင်ငံတော်နှင့်အတူ ပြည်သူများပါဝင်စိုက်ပျိုးခြင်းဖြင့် ကုသိုလ်ပြုလုပ်နေကျ ဒါနတစ်မျိုးဖြစ်သည့် ဇီဝိတဒါနကုသိုလ်ကို ရယူကြစေရန်စေတနာဖြင့် စိုက်ပျိုးစေခြင်းဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်းအလေ့ကို ငယ်စဉ်ကပင်ရရှိစေရန် မျိုးဆက်သစ်များအတွက်၊ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပညာသင်နှစ်ပညာရေးပြက္ခဒိန်အရ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအဖြစ်သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံကျောင်းများ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ကုသိုလ်လိုလျှင်သစ်ပင်စိုက် - မိမိအိမ်ပတ်ဝန်းကျင်၌ စိုက်ပျိုးခြင်းဖြင့်ရရှိသော သစ်သီးဝလံ၊ ပန်းမန်များကို ဦးဦးဖျားဖျား လှူဒါန်းပေးခြင်းဖြင့် ကုသိုလ်ရရှိနိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း ထာဝရကုသိုလ်ပြုရန် (၆)မျိုးတွင်ပါဝင်သည့်-

အာရာမရောပါကုသိုလ် - ငှက်ပျော၊ ပိန္နဲ၊ မာလကာ၊ သရက်စသည့် သီးပင်၊ စားပင်များ စံပယ်၊ နှင်းဆီ စသော ရှုခင်းအလှပန်း စိုက်ပျိုး၍ ကုသိုလ်ယူခြင်း။

ကော့ကရိတ်ခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၂ရက်က ကော့ကရိတ်မြို့ တောင်ပေါ်ရပ် အထက(ခွဲ) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပန်းအလှနှင့် ကြက်ဆူပင် စုစုပေါင်း ၁၀၀၀ကျော်ကို ဤသို့ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-ခရိုင် ပြန်/ဆက်)

ဝနရောပါကုသိုလ် - ကုက္ကို၊ မန်ကျည်း၊ ညောင်စသော အရိပ်အာဝါသမီခိုရန် သစ်ပင်ကြီးများ စိုက်ပျိုး၍ ကုသိုလ်ယူခြင်း။

သစ်တစ်ပင်ရှင်တစ်ပါးဟူ၍ ပေပင်စိုက်ပျိုးခြင်းသည် ရှင်တစ်ပါးပြုပေးခြင်းနှင့် ကုသိုလ်ရခြင်းတူသောကြောင့် ပေတစ်ပင်ရှင်တစ်ပါးဟူ၍ ဆိုစမှတ်ပြုကြပါသည်။ ထိုမှတစ်ဆင့်တက်၍ ဗြဟ္မစိုရ် တရားပွားများခြင်းနှင့် သစ်ပင်စိုက်ဟူသောစကားတွင် ဆေးဖက်ဝင်အပင်များ စိုက်ပျိုးခြင်းနှင့် ဗြဟ္မစိုရ်တရားလေးပါးကိုပင် ပွားနိုင်ပါသည်။

ပွားများပုံမှာ ပေးကမ်းလှူဒါန်းရာ၌ မေတ္တာ၊ ဆေးဝါးလိုအပ်သူအတွက် ပေးလိုက်သည့် ကရုဏာ၊ မိမိပေးလိုက်သောဆေးပင်ကြောင့် တစ်ဖက်သားရောဂါဝေဒနာ ပျောက်ကင်းလျှင် မုဒိတာ၊ ၄င်းတို့ထံမှ တစ်စုံတစ်ရာတုံ့ပြန်မှုကို မမျှော်လင့်ခြင်းသည် ဥပေက္ခာ ဟူ၍ ပွားနိုင်၏။

သာယာစိုပြည်ရေး

ယခုကဲ့သို့ သစ်ပင်အကျိုးတရားများကိုသိရှိပြီးသည့်အတိုင်း ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် သာယာစိုပြည်ရေးအတွက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေမည့်အပင်များ တိုးချဲ့စိုက်ပျိုးကြရပါမည်။

ထိုသို့စိုက်ပျိုးရာတွင် တစ်နိုင်တစ်ပိုင်မှသည် နိုင်ငံတော်အတွက် အကျိုးရှိစေမည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြံစည်းရိုးကြက်ဆူ၊ ကြံ၊ ပီလောပီနံများကို ဇီဝလောင်စာအဖြစ် စိုက်ပျိုးခြင်း၊ နိုင်ငံတစ်ဝန်းသစ်တောအစွမ်းဖြင့် စိမ်းလန်းစိုပြည်ရန်နှင့် စီးပွားဖြစ်စိုက်ပျိုးခြင်း၊ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် **"အစာလည်းဆေး၊ ဆေးလည်းအစာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အရိပ်ရပင်၊ စားပင်၊ ဆေးပင်နှင့် ပန်းအလှပင်များစိုက်ပျိုးကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ရုပ်ရှင်ဇာတ်ကားတစ်ကားကို တစ်ဦးတည်းမရိုက်ကူးဘဲ စုပေါင်းအကုန်အကျခံရိုက်ကူးရင် အကျိုးအမြတ်နည်းပေမယ့်

ရုပ်ရှင်ကားတွေများများထွက်ပြီး ပြည်ပကို ထိုးဖောက်နိုင်မည်

တွေ့ဆုံမေးမြန်းသူ - မိုးမြင့်လင်းလက် **ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)** **စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း**

ရန်ကုန် ဇူလိုင် ၂၆

ရုပ်ရှင်အနုပညာဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အနုပညာအခြေအနေကို မီးမောင်းထိုးပြနေတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ လက်ရှိ မြန်မာ့ရုပ်ရှင်အနုပညာလောကနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေရဲ့ အမြင်ကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါတယ်။

"မြန်မာ့ရုပ်ရှင်အနုပညာဆိုပေမယ့် အခုတော့ ဗီဒီယိုပါ တွဲပြီးပါဝင်နေပါပြီ။ ဒါကြောင့် ရုပ်ရှင်နဲ့ဗီဒီယို အနေအထားကို ပြောရရင်တော့ မြန်မာ့ရုပ်ရှင်လောကဟာ အရင်ကထက်တော့ နည်းနည်းအေးနေပါတယ်။ ဒါကလည်း အရင်ကထက်ကုန်ကျစရိတ်မြင့်မားလာမှု၊ သုံးစွဲရတဲ့ပစ္စည်းတွေဈေးမြင့်လာမှု နောက်ပြီး ရုပ်ရှင်သရုပ်ဆောင်တွေနည်းပါးလာမှုအပြင် ရှားပါးလာတဲ့ ဇာတ်လမ်းတွေကြောင့်လည်း ပါဝင်နေတယ်လို့ ပြောရမှာပါပဲ။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရိုက်ကူးတဲ့အခါ တစ်ဦးတည်းရိုက်ကူးမယ့်အစား စုပေါင်းပြီး ရိုက်ကူးကြရင်တော့ နိုင်ငံတော်ရဲ့ လိုလားချက်အတိုင်းလည်း ရုပ်ရှင်တွေထွက်လာနိုင်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်နဲ့ ထုတ်လုပ်သူတွေအားလုံးပူးပေါင်းလုပ်ဆောင်ကြရင် လက်ရှိအနေအထားထက် အများကြီးကောင်းလာမှာ ဖြစ်ပါတယ်။

အနုပညာရှင်ပိုင်းရော အတတ်ပညာပိုင်းပါ အချိုးညီညီ တိုးတက်ဖို့လို။

ဦးမြင့်သိန်းဖေ (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

အကျိုးအမြတ်

ရုပ်ရှင်ဇာတ်ကားတစ်ကားကို တစ်ဦးတည်းမရိုက်ကူးဘဲ စုပေါင်းအကုန်အကျခံရိုက်ကူးကြရင် အကျိုးအမြတ်တော့ နည်းပေမယ့် ရှုံးရင်လည်းနည်းနည်းပဲဖြစ်မှာမို့ ခံသာပါတယ်။ ဒါဆိုရင် ရုပ်ရှင်ကားတွေများများထွက်ပြီး ပြည်ပကိုလည်း ထိုးဖောက်နိုင်မှာဖြစ်ပါတယ်" လို့ ဦးမြင့်သိန်းဖေက သူ့အမြင်ကို မြန်မာ့အလင်းကို ပြောပြပါတယ်။

ဒါ့အပြင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်တာနဲ့ ပတ်သက်ပြီး **"သမားရိုးကျ ဇာတ်လမ်းတွေကနေ ခွဲထွက်ကြရမယ်။ ဒီလိုပြောတော့ အတော်များများက ဒီစကားလုံးနဲ့ပဲ ကိုင်ပေါက်နေတယ်လို့ ဆိုကြတယ်။ ဒါမဟုတ်ပါဘူး၊ ဒီနေ့ ကမ္ဘာ့ရုပ်ရှင်အနေအထားကို လှမ်းကြည့်ရင် သိနိုင်ပါတယ်။ သူတို့တွေရဲ့ ရုပ်ရှင်ဇာတ်လမ်းတွေဟာ သာမန်ဇာတ်လမ်းတွေပါ။ ဒါပေမယ့် ပရိသတ်စိတ်ဝင်စားအောင် ရိုက်ပြနိုင်ကြတယ်။ နောက်ပြီး ရသမြောက်အောင် ရိုက်ကူးနိုင်ကြတယ်။ ဒီနေရာမှာ ခေတ်မီ စက်ကိရိယာနဲ့နည်းပညာအားတွေ အကူအညီလိုအပ်တာတော့ မှန်ပါတယ်။ ဒါပေမယ့် အဓိကအနေနဲ့ သရုပ်ဆောင်နဲ့ ရုပ်ရှင်အတတ်ပညာရှင်တွေပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာနိုင်ငံရဲ့ အလှအပတွေဟာ သုံးမကုန်အောင်ရှိနေပါတယ်။ ဒါတွေကို စိတ်ဝင်စားအောင် ရိုက်ကူးနိုင်ကြရင် အကောင်းဆုံးပါပဲ"** လို့ ဦးမြင့်သိန်းဖေက ဆက်လက်ရှင်းပြပါတယ်။

ဗီဒီယို

နောက်ပြီး ဗီဒီယိုနဲ့ပတ်သက်လို့ မြန်မာရုပ်ရှင် အနုပညာအပေါ် ရိုက်ခတ်မှု အနေအထားကိုလည်း **"ဒီနေ့ခေတ်မှာ အရုပ်ရော အသံပါ တွင်တွင်ကျယ်ကျယ် ရိုက်ကူးထုတ်လုပ်လာနိုင်တဲ့ ဗီဒီယိုရိုက်ကူးထုတ်လုပ်မှု တွင်ကျယ်လာပါတယ်။ ဗီဒီယိုဟာ တကယ်တော့ အိမ်သုံးဖျော်ဖြေမှု တစ်ရပ်လို့ပြောရင်တောင် ပြောလို့ရပါတယ်။ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရိုက်ကူး သလိုအရင်းအနှီးငွေကုန်ကြေးကျမများပါဘူး၊ နောက်ပြီးဒီနေ့ခေတ်မှာ ဒီဂျစ်တယ်စနစ်နဲ့ ကြိုက်သလိုဖန်တီးယူလို့ရတာမို့ ဗီဒီယိုရိုက်ကူးထုတ်လုပ်မှု ဇာတ်လမ်းတွေဟာ ကလေးတွေကအစ စိတ်ဝင်စားလာကြတယ်။ ဒါကြောင့် ပရိသတ်တွေရော ရိုက်ကူးသူတွေပါ ဗီဒီယိုဘက် လှည့်သွားကြတာတွေ့ရတယ်။ ရုပ်ရှင်ဘက်စိတ်ဝင်စားမှုနည်းသွားကြတာပေါ့။ ဒါပေမယ့် ဗီဒီယိုဟာ ဗီဒီယိုပါပဲ။ အရုပ်၊ အသံ အရည်အသွေးတွေက တခြားစီပါ။ ဘယ်လောက်ပဲ အရုပ်တွေ၊ အသံတွေ ကောင်းကောင်း ဖလင်နဲ့ ရိုက်ပြီး ဖလင်ကထွက်လာတဲ့ အရုပ်နဲ့အသံဟာ ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့ပရိသတ်တွေအတွက် အမြဲတမ်းဆွဲဆောင်မှု ရှိနေပါတယ်"** လို့ မြန်မာ့အလင်းကို ရှင်းပြပါတယ်။

တိုးတက်အောင်လုပ်ဖို့

မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုအပေါ် တိုက်တွန်းလိုတဲ့ဆန္ဒကိုလည်း ဦးမြင့်သိန်းဖေက **"တစ်ကမ္ဘာလုံးပြောင်းလဲလာတဲ့ အခြေအနေကို ရပ်ကြည့်နေလို့တော့ မရပါဘူး။ ရုပ်ရှင်ရော ဗီဒီယိုပါ တိုးတက်အောင်လုပ်ဖို့က ရုပ်ရှင်လောကသားတွေရဲ့ တာဝန်ဖြစ်ပါတယ်။ ပါးစပ်ကတာဝန်ရှိတယ်ဆိုပြီး လက်တွေ့မပါလို့ မရပါဘူး။ အနုပညာပိုင်းရော၊ အတတ်ပညာပိုင်းပါ အချိုးအစားမျှတနေအောင်တိုးတက်ဖို့ ကြိုးစားဖို့လိုအပ်ပါတယ်။ သရုပ်ဆောင်သစ်တွေ အများကြီးမွေးထုတ်ကြရမှာပါ။ ကျွန်တော့်အနေနဲ့ရော၊ တာဝန်ပေးအပ်ခြင်းခံရတဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအနေနဲ့ရော နိုင်ငံတော်က ရုပ်ရှင်စက်မှုပညာ တတ်ကျွမ်းအောင် ပြည်ပမှာ သင်ကြားပေးထားခဲ့တဲ့ အတတ်ပညာရှင်တစ်ဦးအနေနဲ့ပါ ရုပ်ရှင်အနုပညာသင်တန်းတွေကို အောင်အောင်မြင်မြင် ပို့ချပေးနေပါတယ်။ ရုပ်ရှင်နဲ့ ဆက်စပ်တဲ့ ဓာတ်ပုံသင်တန်းတွေ မှန်သမျှ နိုင်ငံတစ်ဝန်း ဘယ်နေရာက ဖိတ်ဖိတ် သွားပြီး သင်ကြားပေးနေတာဟာ ဒီအနုပညာလုပ်ငန်းအပေါ် ချစ်မြတ်နိုးတဲ့စိတ်ကြောင့်ပါ။ မြန်မာ့ရုပ်ရှင်လောကသားတွေ အနေနဲ့ အနုပညာပိုင်းရော၊ အတတ်ပညာအပိုင်းပါ အိမ်နီးချင်းနိုင်ငံတွေထက် မနိမ့်ကျပါဘူး။ တစ်ခုရှိတာက စက်မှုပိုင်းဆိုင်ရာ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဝယ်ယူအသုံး ပြုနိုင်ဖို့ အားနည်းနေတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ရုပ်ရှင်လောက တိုးတက်ဖို့တော့ ကြိုးစားကြရမှာ ဖြစ်ပါတယ်"** လို့ မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုအပေါ် ဦးမြင့်သိန်းဖေက သူ့အမြင်၊ သူခံစားမှုများကို ပြောပြခဲ့ပါကြောင်း။ ။ (မြန်မာ့အလင်း)

သူ့အတွေးအမြင်

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ကွမ်းလုံ၌ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က အခြေခံပညာ အထက်တန်းကျောင်း သံလွင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေကပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းသိကောင်းစရာများ ပညာပေးရှင်းလင်းဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

စက်မှု(၁)အထူးဈေးရောင်းပွဲတော် ရမည်းသင်း၌ဖွင့်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ရမည်းသင်းမြို့ သီလဝခန်းမတွင် ဇူလိုင် ၂၀ရက် နံနက်က ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးဇော်မင်းနှင့် ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်းအတွင်းရေးမှူး ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဝင်းနောင်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ (၁၆၉)

မိုးညှင်း၌ စက်ချုပ်သင်တန်းဆင်း

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၂၄ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်သီတာသန်းစိုးဦးက အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ (၀၀၂)

ကျောက်တံခါး၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် မူလတန်းကျောင်းဝန်းကျင်ရှိ လမ်းများနှင့် မြေလွတ်များ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အဖွဲ့များနှင့် ကျောင်းသူ ကျောင်းသားများ စုပေါင်း၍ ရတနာတန်းဝင် သစ်ပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုးနှင့် အခြားသစ်မာပင်များ စိုက်ပျိုးကြသည်။ (၀၆၇)

ရေဦးမြို့ ဈေးပတ်လည်ကတ္တရာလမ်းအဆင့်မြှင့်

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သည့် ဈေးပတ်လည်ကတ္တရာလမ်း ၁၂ပေ အကျယ်မှ ၁၈ပေသို့ ကတ္တရာလမ်း အဆင့်မြှင့်တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၃၀ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး စစ်တွေ၌ ဆောင်ရွက်

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇူလိုင် ၁၉ရက်က စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်နှစ်ခု၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။ (ပြည်နယ် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ကြေးပေးအပ်၊ ဟောပြောပွဲကျင်းပ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးသည် မိုင်းဆတ်ခရိုင် ဦးစီးအရာရှိ ဦးအုန်းထွန်းလိုက်ပါလျက် ဇူလိုင် ၇ရက်က မိုင်းတုံမြို့နယ်ရုံး သို့လည်းကောင်း၊ ဇူလိုင် ၈ရက်တွင် မိုင်းဆတ်ခရိုင်ရုံးသို့လည်းကောင်း ရုံးလုပ်ငန်းများကွင်းဆင်းစစ်ဆေးသည်။ ထို့နောက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၀၈-၂၀၀၉ခုနှစ် ဌာနက ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန် ၁၁ရပ်ကို ရှင်းလင်း ပြောကြားပြီး ပညာသင်ကျောင်းသားများအတွက် ပညာသင် ထောက်ပံ့ကြေးငွေများ ပေးအပ်၍ မိုင်းဆတ်မြို့ အထက်တန်းကျောင်းတွင် လူငယ်များအတွက် စကားလက်ဆောင် အမည်ဖြင့် ဟောပြောပွဲကျင်းပရာ အထက်တန်းကျောင်းသား ကျောင်းသူ ၂၄၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ညွှန်ကြားချက်များအတိုင်းတိတိကျကျလိုက်နာ

ဆောက်လုပ်ရေးဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်စောထွန်းတက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတားအဆောက်အအုံနှင့်စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တိတိကျကျလိုက်နာ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန်၊ ယန္တရားများ၊ စက်သုံးဆီများ အသုံးပြုရာ၌ လိုအပ်ချက်အတိုင်း စေ့စေ့စပ်စပ်သုံးစွဲထိန်းသိမ်းသွားကြရန် လိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက် ရေး ကော်မတီရုံးခန်း ဗဟန်း ဥလမ်းမှတ်တိုင်အနီးတွင် အမှတ် ၃၇စက်မှုဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့နေ ဦးအောင်ကိုကို-ဒေါ်ခင်ခင်ဝင်း မိသားစုက ဒေါ်ခင်ခင်ဝင်း မွေးနေ့အလှူအဖြစ် ငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်ဦးလွင်မြို့ ရေချမ်းအိုးရှာ ဖားအောက်ရိပ်သာခွဲဗြဟ္မဝိဟာရီကျောင်းမှဆရာလေး ဒေါ်ဒီပင်္ကရာထေရီက ဘိုးဘွားများအား တစ်နေ့တာအထူး အာဟာရ ကျွေးမွေးရန် ငွေကျပ် တစ်သိန်း ငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေ လက်ခံယူစဉ်။ (က-ပ)

စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သားငါးထုတ်လုပ်မှုကဏ္ဍအရေးပါ

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာရှင်များအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစွမ်းကုန်ကြိုးပမ်း

အစီအစဉ်အရ ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် သား၊ငါးထုတ်လုပ်မှုကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ သား၊ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရှင်များအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲကို နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာမြညွှန့်ကဆောင်ရွက်ပြီး အသားကဏ္ဍ စာတမ်း ခြောက်စောင်နှင့် ငါးထုတ်လုပ်မှုကဏ္ဍ စာတမ်းသုံးစောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်း စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

မြန်မာ အမျိုးသမီးများနေ့ကိုဂုဏ်ပြုသော အားဖြင့် သာစည် မြို့နယ် သပြေဝကျေးရွာအုပ်စုကျေးရွာအုပ်စု လုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၆ရက်က မြို့ကြီးကုန်းကျေးရွာ အောင်သပြေ စာကြည့်တိုက်အဆောက်အအုံသစ်တွင် ကျင်းပရာ ကျေးရွာ အုပ်စု ဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အဖွဲ့ဝင် ဦးသန်းဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဝ၉၄)

တံတားဦးမြို့နယ် ရွာဝံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

တံတားဦး ဇူလိုင် ၁၈

တံတားဦးမြို့နယ် ချောင်းခွကျေးရွာအုပ်စု ချောင်းပတ်ကျေးရွာ ရွာဝံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်အဆောက်အအုံ၌ကျင်းပသည်။

ရှေးဦးစွာ ချောင်းပတ်ကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးမင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ချောင်းပတ်ကျေးရွာ ရွာဝံစာကြည့်တိုက်သို့ စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၃၀၀၀၀နှင့် ရေဒီယိုတစ်လုံးတို့ကို ကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးမင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က လက်ခံယူပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်မျိုးစုံအုပ်၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံယူသည်။ **(အောက်ပုံ)**ယင်းနောက် ချောင်းပတ်ကျေးရွာ ရွာဝံ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးဘိုမောင်၊ မြို့နယ် အသင်းအလုပ်အမှုဆောင် ဦးမင်းဟန်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးမျိုးမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၇ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆီဆိုင်မြို့နယ် တောင်အရှေ့ကျေးရွာအုပ်စု နောင်ထော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးအိမ်ရှင် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် ရေဒီယိုကက်ဆက်တစ်လုံးကို ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က စာကြည့်တိုက်မှူး ဒေါ်နန်းဘောဘီ မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (ဝ၁၅)

စာအုပ်စာစောင်လှူဒါန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ပုံမြို့နယ်ရုံးက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဇူလိုင် ၁၁ရက်က အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ စာပေပျိုးခင်းကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို တာဝန်ခံဆရာမကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေးဆွေးနွေး

သီပေါ ဇူလိုင် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးကော်မတီ နာယက သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့သည် စံဖိတ်ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဇွန်၁၁ ရက်က စံဖိတ်ကျေးရွာ စာကြည့်တိုက် ခန်းမ၌ တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ဗို့ကျေးရွာဂျာနယ်၊ သုတရသမဂ္ဂဇင်း စာအုပ်များနှင့် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသော စာအုပ်၃၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် အောင်ပွဲဆင်ရန်လေ့ကျင့်နေသော လက်ဝှေ့ကျော်များ

ပေကျင်း ဇူလိုင် ၂၆

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို လာမယ့်ဩဂုတ် ၈ရက်မှာ စတင်ကျင်းပတော့မှာမို့ ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ လေ့ကျင့်ပြင်ဆင်မှုတွေဟာ အပြီးသတ်အနေအထား ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ဒီလို အခြေအနေမှာ အိမ်ရှင်တရုတ် နိုင်ငံလက်ဝှေ့ကစားသမားတွေရဲ့ အနေ

ရုရှားလက်ဝှေ့ချန်ပီယံ စီလီမော့ဗ်

အထားကိုကြည့်တဲ့အခါ အိုလံပစ်ပွဲတော်ရဲ့လက်ဝှေ့အားကစားမှာ ရွှေတံဆိပ်ရမယ်လို့ နာမည်ကြီးနေသူကတော့ ဇူစီမင်းပဲ ဖြစ်ပါတယ်။

ချန်ပီယံ

ဇူစီမင်းဟာ ၄၈ကီလိုတန်းမှာ ၂၀၀၃ခုနှစ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံဖြစ်ခဲ့သူ တစ်ဦးဖြစ်ပြီး ၂၀၀၄ အေသင်အိုလံပစ်မှာတော့ ၄၈ကီလိုတန်းမှာပဲ ကြေးတံဆိပ် ရရှိခဲ့ပါတယ်။ ၂၀၀၅ခုနှစ်ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲမှာ ၄၈ကီလိုတန်းရဲ့ ချန်ပီယံ ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ် ချီကာဂိုကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ သူတစ်ဦးဖြစ်ပါတယ်။

ရေပန်းစား

ဇူစီမင်းဟာ ဘယ်ညာလက်သီးတွဲတွေကို လျှပ်ပြက်သလိုထိုးသတ်နိုင်သူ ဖြစ်တဲ့အပြင် အားပါပြင်းထန်တဲ့ ထိုးချက်တွေကြောင့် ပြိုင်ဘက်တွေကို အနိုင်ယူနိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ အခု အိုလံပစ်ပွဲတော်မှာတော့ ၄၈ကီလိုတန်းမှာ ကျူးဘားလက်ဝှေ့သမား ဗွန်ဇာလက်ဇ်၊ ရုရှားလက်ဝှေ့သမားနဲ့ ဖိလစ်ပိုင်လက်ဝှေ့သမား ဟာရီတာနာမော်တို့က ရေပန်းစားနေကြပါတယ်။

နာမည်ကြီးနေ

ဒါ့အပြင် ၅၇ကီလိုတန်းမှာ လီယန်၊ ၆၉ကီလိုတန်းမှာ တာနာတီစီလာမူ၊ ၈၁ကီလိုတန်းမှာ ဇန်ဇီလီတို့တွေဟာလည်း သူတို့အတန်းတွေမှာ ရွှေတံဆိပ်ရယူမယ်လို့ ယုံကြည်ထားကြသူတွေပါပဲ။ ဒီအတန်းတွေမှာ ရုရှားက အယ်ဘတ်စီလီမော့ဗ်၊ ယူကရိန်းက ဗာဆယ်လ်လိုမာချင်ကိုတို့လည်း ချန်ပီယံဖြစ်မယ်လို့ နာမည်ကြီးနေတဲ့ သူတွေဖြစ်ပါတယ်။

တရုတ်လက်ဝှေ့အသင်းရဲ့ အသက်အငယ်ဆုံးဖြစ်တဲ့ ဟာနာတီဆီလာမူကတော့ အသက် ၂၄နှစ်အရွယ်သာရှိသေးပြီး လက်ဝှေ့ထိုးသတ်မှုမှ ပါးနပ်မှု ရှိပြီး ပြိုင်ဘက်တွေကို ကောင်းကောင်း အနိုင်ယူနိုင်စွမ်းရှိတဲ့သူ ဖြစ်ပါတယ်။

ယူကရိန်းလက်ဝှေ့ကျော် မာချင်ကို

အကြိတ်အနယ်ထိုးသတ်

ဆီလာမူအနေနဲ့ကလည်း ၂၀၀၇ ခုနှစ် ချီကာဂိုကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲမှာ ကြေးတံဆိပ်ရရှိထားသူဖြစ်ပါတယ်။ တရုတ်လက်ဝှေ့အသင်းမှာ လက်ဝှေ့သမား၁၀ဦး ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ဝိတ်တန်းအလိုက်ရွှေတံဆိပ်မှန်းနေပေမယ့် အဓိကယှဉ်ပြိုင်ရမယ့် ရုရှား၊ ကျူးဘားနဲ့အမေရိကန်လက်ဝှေ့သမားတွေကိုတော့ အကြိတ်အနယ်ထိုးသတ်ရမှာ ဖြစ်ပါတယ်။

ပါဝင်

အခု ၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်မယ့် ကျူးဘားလက်ဝှေ့သမားတွေထဲမှာ ၂၀၀၄ အေသင်အိုလံပစ်မှာ ဝိတ်တန်းအလိုက်ရွှေတံဆိပ်ရရှိသူတွေနဲ့ ဆစ်ဒနီအိုလံပစ်ပွဲတော်မှာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်လေးခုရရှိထားတဲ့သူတွေ ပါဝင်နေပါတယ်။ ကျူးဘားလက်ဝှေ့သမားတွေဟာ ရွှေတံဆိပ် အများဆုံးဆွတ်ခူးမယ့်သူတွေအဖြစ် နာမည်ကြီးနေပါတယ်။

မျှော်မှန်း

ဒီလိုပါပဲ ရုရှားလက်ဝှေ့အသင်းကလည်း ၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်တွေရယူဖို့ မျှော်မှန်းနေပြီး တစ်သင်းလုံးအနေနဲ့ ပြီးခဲ့တဲ့ အေသင်အိုလံပစ်ပွဲတော်မှာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခု ရယူထားနိုင်ခဲ့တဲ့ သူတွေပါပဲ။

စောင့်ကြည့်

ဒါ့အပြင် အမေရိကန်၊ ကာဇက်စတန်၊ ထိုင်းနိုင်ငံတွေက လက်ဝှေ့သမားတွေကလည်း ဝိတ်တန်းအလိုက် လက်ဝှေ့ရွှေတံဆိပ်တွေရယူဖို့ စွမ်းရည်ထက်မြက်သူတွေ ဖြစ်တာမို့ ၂၀၀၈ ပေကျင်းအိုလံပစ်ရဲ့ လက်ဝှေ့ပြိုင်ပွဲမှာတော့ ဘယ်သူရွှေတံဆိပ်ဆုတွေ ဆွတ်ခူးသွားကြမလဲဆိုတာ စောင့်ကြည့် အကဲခတ်ရမှာ ဖြစ်ပါကြောင်း။ ။

ရွှေတံဆိပ်ရမည်ဟု နာမည်ကြီးနေသူ တရုတ်မှ ဇူစီမင်း

တရုတ်လက်ဝှေ့သမား လီယန်(ဝဲ) ရွှေတံဆိပ်ရရှိရေး လေ့ကျင့် ထိုးသတ်ဟန်။

မောင်မောင်မြင့်ဆွေ ရေးသားသည်

မန်ယူနှင့် တိုက်စစ်မှူးတီဗက်ဇ် အမြဲတမ်းစာချုပ်ချုပ်ဆိုရန်သဘောတူညီ

လန်ဒန် ဇူလိုင် ၂၆

မန်ယူအသင်းသည် ၂၀၀၇ခုနှစ် ဩဂုတ်လက နှစ်နှစ်အငှားစာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူခဲ့သော အာဂျင်တီးနား တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား ပရီမီယာလိဂ်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၃၂သန်းဖြင့် အမြဲတမ်းစာချုပ် ခေါ်ယူရန်မှုအား ဖြင့် သဘောတူညီလိုက်ပြီဖြစ်သည်။ မူလအငှားစာချုပ်အရ အသက် ၂၄နှစ်အရွယ်ရှိ ကားလို့စ်တီဗက်ဇ်အား ၂၀၀၉ခုနှစ် နွေရာသီတွင် အမြဲတမ်းစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

ပါဝင်

ကားလို့စ်တီဗက်ဇ်(ဝဲပုံ)သည် မန်ယူအသင်း ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့ရာတွင် ပါဝင်ခဲ့ပြီး စုစုပေါင်း ၃၉ပွဲ ကစားရာတွင် ၁၉ဂိုး သွင်းယူနိုင်ခဲ့ သည်။

ယခုသီတင်းပတ်အတွင်း ကားလို့စ်တီဗက်ဇ်နှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုရေးအတွက် အပြီးသတ်အောင် ဆောင်ရွက်ရေးသည် နည်းပြ ဖာဂူဆန်အတွက် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ အသင်းတွင် ရေရှည်ကစားနိုင်ရန်အတွက် တီဗက်ဇ်နှင့် ဆွေးနွေးပြီးဖြစ်ကြောင်း၊ တီဗက်ဇ်သည် အရွယ်ငယ်သော ဘောလုံးသမားကောင်းတစ်ဦးဖြစ်ကာ အသင်းနှင့်လည်း အဆင်ပြေကြောင်း၊ လာမည့် ဘောလုံးရာသီတွင် အပေးအယူလုပ်ရမည်ကို မိမိတို့သိကြောင်း မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂီးလ်က ပြောကြားခဲ့သည်။ (အင်တာနက်)

စပါးဂိုးသမား ရော်ဘင်ဆင် ဘလက်ဘန်းနှင့် ငါးနှစ်စာချုပ်

လန်ဒန် ဇူလိုင် ၂၆

ဘလက်ဘန်းအသင်းနည်းပြပေါလ်အင့်သည် စပါးဂိုးသမား ပေါလ်ရော်ဘင်ဆင်အား ပေါင်သုံးသန်းခွဲဖြင့် စာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၈နှစ်ရှိ ပေါလ်ရော်ဘင်ဆင်သည် **(အပေါ်ပုံ)**ဘလက်ဘန်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ရော်ဘင်ဆင်သည် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဂိုးသမားနေရာကို လက်လွှတ်ခဲ့ရသကဲ့သို့ စပါးအသင်းသည် ၎င်း၏နေရာတွင် အစားထိုးရန် ပီအက်စ်ဗွီဂိုးသမား ဟူရီလို ဂိုမက်စ်ကို ခေါ်ယူခဲ့သဖြင့် နေရာပျောက်ခဲ့ သူဖြစ်သည်။

(အင်တာနက်)

စပါးတို့ကခေါ်ယူမည့် ဒေးဗစ်ဗီလာ

ဗလင်စီယာ ဘဏ္ဍာရေးပြဿနာနှင့်ရင်ဆိုင်နေရ တိုက်စစ်မှူးဗီလာအားခေါ်ရန် စပါးခြေလှမ်းပြင်

လန်ဒန် ဇူလိုင် ၂၆

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ဗလင်စီယာအသင်းက ရောင်းရန်စဉ်းစားနေပြီး ဗီလာကလည်း စပါးသို့ပြောင်းရွှေ့လိုသည့်ဆန္ဒရှိကြောင်း ဒေးဗစ်ဗီလာ၏ အေးဂျင့်က အခိုင်အမာ ပြောကြားခဲ့ပြီးနောက် စပါးအသင်းက ၎င်းအားခေါ်ယူရန် ခြေလှမ်းပြင်ခဲ့သည်။

ယူရို ၂၀၀၈ ပြိုင်ပွဲတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီး ဂိုးအများဆုံးသွင်းကာ ဘောလုံးရာသီမစမီ ဗလင်စီယာအသင်းမှ ထွက်ခွာရန်ပြင်နေသော ဗီလာအား လီဗာပူးနှင့် ချယ်လ်ဆီးကလပ်များအပါအဝင် ကလပ်အများစုက ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။ ဗလင်စီယာအသင်းသည် ဘဏ္ဍာရေး ပြဿနာများနှင့် ရင်ဆိုင်နေရသောအသင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဗီလာအား ပေါင် ၃၁ ဒသမ ၅သန်းဖြင့် ခေါ်ယူဖွယ်ရှိပြီး ဗီလာ၏အေးဂျင့် ဂျို့စ်လူးဝစ်တာမာဂိုက စပါးအသင်းအား ဖိတ်ခေါ်ကာ ရီးရဲကဲ့သို့ ဈေးပေးရန် ကမ်းလှမ်းပြောကြားဆွေးနွေးခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ပို့စ်မောက်ကွင်းလယ်ကစားသမား မွန်တာရီ အင်တာမီလန်သို့ရောက်ရှိရေးနီးစပ်

လန်ဒန် ဇူလိုင် ၂၆

ပို့စ်မောက်ကွင်းလယ်ကစားသမား ဆူလီမွန်တာရီသည် အင်တာမီလန်သို့ ပြောင်းရွှေ့ရေးနီးစပ်လာပြီဖြစ်ကြောင်း၊ အင်တာမီလန်အသင်း ကမ်းလှမ်းချက်သည် ငြင်းပယ်စရာမရှိသည့် ကမ်းလှမ်းချက်ဖြစ်ကြောင်း ၎င်း၏အသင်းက ဝန်ခံပြောကြားခဲ့သည်။

ရောင်းရား

ပို့စ်မောက်နည်းပြ ဟာရီရက်နက်ပ်က ကွင်းလယ်ကစားသမား မွန်တာရီအား ယခုမော်ရင်ဟိုနည်းပြနေသည့် အင်တာမီလန်သို့ ရောင်းချမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကစားသမားနောက်ထပ် ရောင်းချခြင်းကို ရှောင်ရှားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပြီးခဲ့သည့် နွေရာသီက အူဒီးနီစ် အသင်းမှပေါင်ခုနစ်သန်းဖြင့် ဝယ်ယူခဲ့သော ဂါနာကွင်းလယ်ကစားသမား မွန်တာရီအား ရောင်းချခြင်းဖြင့် သိသာသောအမြတ်အစွန်းကို ရရှိမည်ဖြစ်ပြီး စီးရီးအေချန်ပီယံအင်တာမီလန်က မွန်တာရီအား ပေါင် ၁၂ ဒသမ ၇သန်းဖြင့် ဝယ်ယူဖွယ်ရှိသည်။ **(အင်တာနက်)**

တိုရွန်တို မာစတာတင်းနစ်ပြိုင်ပွဲ မူရေး အနိုင်ရရှိ အကြိုဗိုလ်လုပွဲတွင် နာဒယ်နှင့် ဆုံတွေ့

တိုရွန်တို ဇူလိုင် ၂၆

တိုရွန်တို မာစတာတင်းနစ်ပြိုင်ပွဲတွင် အန်ဒီမူရေး**(အောက်ပုံ)**သည် နိုဗက်ဒီဂျိုကိုဗစ်အား ပထမဆုံးအကြိမ်အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲတွင် ရာဖေးနာဒယ်လ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရှုံးနိမ့်ခဲ့

ဗြိတိန်နိုင်ငံတွင် အဆင့်-၁ တင်းနစ်သမားဖြစ်သူ မူရေးသည် ယခင်က ကမ္ဘာ့အဆင့် ၃ရှိသူ ဒီကိုဂျိုဗစ်နှင့် လေးပွဲတွေ့ဆုံရာတွင် လေးပွဲစလုံးရှုံးနိမ့်ခဲ့သည်။

မူရေးသည် ဒီကိုဂျိုဗစ်အား ၆-၃၊ ၇-၆၊ (၇-၃)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နာဒယ်သည် ရစ်ချက်ဂက်စကွတ်အား ပထမအဆင့်တွင် ရှုံးနိမ့်သော်လည်း နောက်ပိုင်းတွင် ၆-၇၊ (၁၂-၁၄)၊ ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းခေါင်းဆောင် ဖီးနဗီးလ် အသင်းနှင့် လေးနှစ်ထပ်မံစာချုပ်

လန်ဒန် ဇူလိုင် ၂၆

အဲဗာတန်အသင်းခေါင်းဆောင် ဖီးနဗီးလ်သည် အသင်းနှင့်လေးနှစ်တာ စာချုပ်သစ်ထပ်မံချုပ်ဆိုပြီးနောက် ၎င်းသည်ဘောလုံးသမားဘဝကို အဆုံးသတ်လိုကြောင်း ပြောကြားလိုက်သည်။

ဖွင့်ဟပြောကြား

အဲဗာတန်အသင်းသည် မိမိကစားလိုသည့် တစ်ခုတည်းသော အသင်းဖြစ်ကြောင်း၊ ၂၀၁၂ခုနှစ်တိုင်အောင် စာချုပ်သစ်ထပ်မံတိုးချဲ့ချုပ်ဆိုနိုင်ခဲ့သည့်အတွက် ဂုဏ်ယူမိကြောင်းလည်း အသက် ၃၁နှစ်ရှိ ဖီးနဗီးလ်က**(ယာပုံ)** ဖွင့်ဟပြောကြားခဲ့သည်။

မိမိသည် အဲဗာတန်အသင်းတွင် ကစားနေသည်မှာ ယခုအခါ သုံးရာသီရှိပြီဖြစ်ကြောင်း၊ အချိန်နှင့်အမျှ အဲဗာတန်အသင်းတွင် ကစားရသည်ကို နှစ်သက်မိကြောင်း၊ အဲဗာတန်အသင်းတွင်ပင် ကစားသမားဘဝ နစ်မြုပ်ရန် စဉ်းစားရတော့မည်ဖြစ်ကြောင်း မန်ယူကြယ်ပွင့်ဟောင်းဖီးနဗီးလ်က ဖွင့်ဟသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်



အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးမြင့်နိုင်၏သား အထက (၁)ဒလမြို့ တက္ကသိုလ်ဝင်တန်း(S)မှ မောင်အောင်အောင်ဟိန်းအား မောင်အောင်အောင်ဟိန်း(ခ)မောင်အောင်ဟိန်းဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးဝင်းမြင့်၏သား အထက (၂)၊ကြည့်မြင်တိုင် တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်သန့်စင်ထွန်းအား ၁၂/ကမတ(နိုင်)၀၇၂၅၈၃အရ မောင်သန့်ဇင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်ထွန်း။

ကားအမြန်ရောင်းမည်

စက်မှုဇုန် Mini Truck ၈ဃ/၉ ထောင်ကျော်၊ ပစ္စည်းစုံ အထူးဈေးနှုန်း ကျပ် ၁၀၉ သိန်း။

ဖုန်း-၂၅၆၇၈၇၊ ၂၅၆၈၁၂။

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်)၁၀၄၅၉၇နှင့် အရေးကြီး စာရွက်စာတမ်းများသည် အငှားယာဉ်ပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပြန်လည်ပေးပို့ပါရန်။

ဦးကျော်မြင့် ၉၅၅၊ ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၆၂၃၆၈၊ ၀၉-၅၀၀-၉၀၇၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးချန်ထွန်း(မော်လမြိုင်)၏ အိမ်ထောင်စုစာရင်း ဒေါ်ရွှေရည် မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၁၀၁၉၈၃နှင့် ပုံစံ(၁၇)၊ စလစ်၊ မောင်အာကာစိုး မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်)၂၁၇၅၀၃နှင့် ပုံစံ(၁၇)၊ စလစ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၂၀၃၉၆၊ ၀၉-၈၇၀၁၁၄၀၊ ၀၁-၃၈၈၇၂၆၊ ၀၁-၂၄၆၅၃၉။

လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ ခေမာလမ်း၊ အိမ်နံပါတ် ၈/ကနေ မောင်နေထက်လင်း (ခ) ပို့ပို့ (အဖ ဦးမြင့်စိန်-အမိ ဒေါ်သန်းသန်းဌေး)သည် ဇူလိုင် ၁၈ရက်မှစ၍ ပျောက်ဆုံးလျက်ရှိပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်-ဦးညွန့်ဝင်း ဖုန်း-၅၅၄၂၀၈။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃က/၉၄၆၈ တိုယိုတာကိုရိုလာ ET 176, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်လေးသန်း ၁၂/လသန(နိုင်)၀၀၄၆၈၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ရန်ကုန်အနောက်ပိုင်းရုံး၊ရန်ကုန်မြို့။

အများသိစေရန်

ဦးအောင်မျိုးမင်း အမည်ပေါက်ပိုင်ဆိုင်သော ၁က/၈၁၁၇ ဗင်မော်တော်ကားအား ဒေါ်အေးအေးမွန် ၁၂/ဥကမ(နိုင်)၁၆၁၂၇၁ အား ၂၂-၇-၂၀၀၈ရက်တွင် လချုပ်ဖြင့် ငှားရမ်းခဲ့ရာ ပြန်လည်အပ်နှံခြင်းမရှိဘဲ ရှောင်တိမ်းနေပါသဖြင့် အဆိုပါကားအား ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်းခြင်း မပြုပါရန်နှင့် လက်ဝယ်ထားရှိပါက လက်ခံထားသူအား တရားဥပဒေအရ အရေးယူပါမည်။ **(သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။)**

ဦးအောင်မျိုးမင်း

ဖုန်း-၀၉-၅၁-၆၂၂၃၈၊ ၀၉-၅၁-၈၆၈၅၃။



မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၀၈ရက်

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ လူပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၁၀ ၆။ **ငှက်တစ်သောင်း** ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့် (ဒါရိုက်တာ-မောင်သီ)
၈း၂၅ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ရောင်စုံလမ်းမများ** ဒွေး၊ စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင် (ဒါရိုက်တာ-သီဟတင်သန်း)
၁၃း၅၀ ၆။ အဆိုပြိုင်ပွဲ
၁၃း၅၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၁၀ ၈။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၁၄း၂၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၅း၀၀ ၆။ **ဇင်ဇင်နှင့်ခြင်ကျား** ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၅း၁၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ အတီးပြိုင်ပွဲ
၆း၄၅ ၁၁။ တေးဂီတအစီအစဉ်
၆း၅၅ ၁၂။ အားမာန်ပြည့်ဖွံ့ဖြိုး ရှင်သန်နေသော တရုတ်ပြည်
၇း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၁၇)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **လှူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၈)
၁၈။ အစီအစဉ်ပြီး၏။

ဝါတွင်း အလိုတော်ပြည့်ဝိပဿနာ အလုပ်ပေး ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၆

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီး၏ သြဝါဒကိုခံယူပြီး ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၁၁ရက်မှ ဝါခေါင်လပြည့်ကျော်၂ရက်(ဩဂုတ်၁၂ရက်မှ၁၈ရက်) အထိ ခုနစ်ရက်တိုင်တိုင် အလိုတော်ပြည့်ဆရာတော်ကြီး၏တပည့် လက်ထောက်တရားပြဆရာတော် ဦးဝဏ္ဏိတက ဝိပဿနာသတိပဋ္ဌာန် အလုပ်ပေးတရားဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသောယောဂီများသည် ဝါခေါင်လဆန်း ၁၀ရက်(ဩဂုတ်၁၁ရက်)ညနေ၄နာရီအရောက် တရားစခန်းသို့လာရောက်ကြရမည်ဖြစ်သည်။ ယောဂီဦးရေကန့်သတ်ထားပါသဖြင့် အမြန်စာရင်းပေးသွင်းကြပါရန်နှင့် ဂေါပကရုံး ဖုန်း-၅၄၈၈၆၁သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ် ၇၃နေ နှစ်ဖက်သောမိဘများအား ရည်စူးပြီး ဒေါ်အေးသိန်း၏ (၇၆)နှစ်ပြည့် (၃-၇-၂၀၀၈)မွေးနေ့အထိမ်းအမှတ်အဖြစ် ဓမ္မာစရိယ ဦးအေးနိုင်-ဒေါ်အေးသိန်း မိသားစုက သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဝိမာနပါဠိတော်ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

တန့်ဆည်မြို့ သာယာလှပရေးဆောင်ရွက်

တန့်ဆည် ဇူလိုင် ၂၆

တန့်ဆည်မြို့ မြို့သာယာလှပရေးအတွက် ကြိုးစားအားထုတ် ဆောင်ရွက်လျက်ရှိရာ လမ်းဆုံရှိ မြို့မဈေးရှေ့ ကျူးကျော်အမိုးများဖျက်သိမ်း၍ ကာလာအမိုးသွပ်များအား ဈေးမိဈေးဖများက ဆောင်ရွက်နေမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးသောင်းညွန့်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၇-၇-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဩဂုတ်လအတွက်

(၁၀-၈-၂၀၀၈)ရက်နေ့

နှင့်

(၃၁-၈-၂၀၀၈)ရက်နေ့

ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

မိုးမောက် ဇူလိုင် ၂၆

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများသည် ဇူလိုင်၂၆ရက်က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးဝဲယာတွင် ရေမြောင်းများ မိုးတွင်းကာလတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ချုံနွယ်များရှင်းလင်းခြင်း၊ နုန်းများ၊ အမှိုက်များဆယ်ယူခြင်းကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး အနီးကပ်ကြီးကြပ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ လှိုင် အမက(၃၀) လှူငယ်တရားပွဲ

ရန်ကုန် ဇူလိုင် ၂၆

ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဇူလိုင် ၂၉ရက် မွန်းလွဲ ၁နာရီတွင် လှိုင်မြို့နယ် ၁၀ရပ်ကွက် လှိုင်မြင့်မိုရ်အိမ်ရာ အမက (၃၀)၌ လူငယ်ယဉ်ကျေးလိမ္မာတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဥတုရာသီ တောကိုမှီ၏

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (အမျိုးသမီးရေးရာ)

ခြင်သားလောင်းများစားသုံးသောငါးမျိုးများ တွံတေး၌ဖြန့်ဝေ

တွံတေး ဇူလိုင် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်သန်းဦးနှင့် ဝန်ထမ်းတို့က ခြင်များပေါက်ပွားစေတတ်သော ချောင်း၊ မြောင်း၊ ရေဆိုးမြောင်း၊ မီးသတ်ရေကန်၊ သောက်ရေကန်စသည့် နေရာများ၌ ထည့်သွင်းရန်၊ သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်စေတတ်သော ရောဂါပိုးများ သယ်ဆောင်သည့် ခြင်သားလောင်းများကို စားသုံးသော ငါးမျိုးများ ဖြန့်ဝေစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၂ရက်နံနက် ၉နာရီခွဲက အမှတ်(၁)အထကကျောင်းရှေ့၌ ကျင်းပသည်။

ဖြန့်ဝေပေး

အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုစုပေါင်း ၁၅၀တို့က ငါးမျိုးကောင်ရေ ၅၀၀၀ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

ရေဦးမြို့၌ မြေယာရှင်း အလုပြုပြင်

ရေဦး ဇူလိုင် ၁၉

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင်၃ရက်က ရေဦးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရေဦး-မုံရွာလမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရေဦးမြို့ဝင် မုခ်ဦးဝန်းကျင်၊ ပါဝိလမ်းဆုံဝန်းကျင်နှင့် မဟာဗန္ဓုလလမ်းဆုံတို့တွင် မြေယာရှင်း အလှ ပြုပြင်မှုများ ဆောင်ရွက်နေမှုတို့ကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လေဘေးကျရောက်စဉ်က ဌာနပိုင်ပစ္စည်းများ ဆုံးရှုံးမှုနည်းအောင် စောင့်ရှောက်သူ ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်(သင်္ဃန်းကျွန်း)၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ရက်က ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က ၂၀၀၈-၂၀၀၉ခုနှစ်၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ မူလတာဝန်များနှင့် ပူးပေါင်း ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မုန်တိုင်းတိုက်ခတ်ရာတွင် ဌာနပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကာကွယ်စောင့်ရှောက်ခဲ့သော မြောက်ဥက္ကလာပမြို့နယ်ရုံးမှ ရုံးစောင့်ဦးသဲဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပြင်ဦးလွင်မြို့၌ ပေးအပ်လှူဒါန်း

ပြင်ဦးလွင် ဇူလိုင် ၈

ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသားကျောင်းသူလေး များအား ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၂၆ရက်က အဆိုပါ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးက ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီငွေထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၈၈)**

အုတ်တွင်းမြို့၌ ရေတမာပင်များ စုပေါင်းစိုက်ပျိုး

အုတ်တွင်း ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ ဈေးရပ်ကွက်ရုံး လမ်းဘေးဝဲယာတစ်လျှောက်တွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုဝင်းတက်ရောက်၍ ရေတမာပင် စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနိုင်ဝင်းဇော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေ၊ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှူးဦးမျိုးမင်းနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ခြောက်ရပ်ကွက်မှ ပြည်သူအင်အား ၅၀၀ ကျော်တက်ရောက်ကြပြီး ရေတမာပင် ၂၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(၁၁၆)**

မြို့နယ် သတင်းများ

တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဇွန်၂၂ရက်က ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာလမ်းတစ်လျှောက် ပေါင်းမြက်ရှင်းလင်းခြင်း၊ ချုံနွယ်ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို အဖွဲ့ရုံးဝန်ထမ်းများဖြင့် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သာယာဝတီဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်မှု အခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ဇူလိုင် ၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်အောင်ဖြိုးက ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် ပြန်/ဆက် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ကန့်ဘလူ ဇူလိုင် ၈

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ စာဖတ်ဝိုင်းကို ဇွန်၁၇ရက်က ကျင်းပသည်။

စာဖတ်ဝိုင်းတွင်စာရေးဦးတင်ငွေကဆောင်းပါးရှင် ကျော်ရဲမင်း၏ သားသမီးအပေါ်အစဉ်လွှမ်းခြုံ လျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ (၁)ကိုလည်းကောင်း၊စာထောက်(၃)ဦးတင်အောင်ဦးက သားသမီးအပေါ်အစဉ်လွှမ်းခြုံလျက်ရှိသည့်မိဘ၏မေတ္တာစေတနာများ(၂)ကိုလည်းကောင်း၊ ဓာတ်ပုံ ကျွမ်းကျင်(၂) ဦးအောင်ဝင်းငြိမ်းက သားသမီးအပေါ်အစဉ်လွှမ်းခြုံလျက်ရှိသည့်မိဘ၏မေတ္တာစေတနာများ(၃)ကိုလည်းကောင်း၊ ရုပ်သံ(လုပ်သား) ဦးအေးမင်းထွန်းနှင့် ရုံးအကူ ဒေါ်သိန်းသိန်းမော်က ဆောင်းပါးရှင် စည်သူအောင်၏အခြေခံဥပဒေသည်သာပြည်သူ တစ်ရပ်လုံး၏ Mandate အစစ် ဆောင်းပါးများကို ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်ကသတင်းစာပါဆောင်းပါးများကို ခြုံငုံသုံးသပ်ဆွေးနွေးပြောကြားကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သော ကွံကော်လမ်းအမှတ်(၃) တံတားဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်လင်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြစ်ကြီးနား၌ ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်

မြစ်ကြီးနား ဇူလိုင် ၁၅

ကချင်ပြည်နယ် ၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက်နံနက်စနာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးက အမှာစကားပြောကြားပြီး (ဓါတ်ပုံ) ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်တင်စိန်၊ဒေါ်ခင်စမ်းကြည်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသူများ၊ အားကစား ထူးချွန်သူများ၊ ၂၀၀၈ ခုနှစ် ကြက်ခြေနီထူးချွန်ဆုရရှိသူများ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ၊ နိုင်ငံတော်အဆင့်သာသနာရေးဆိုင်ရာ သီရိသုဓမ္မသိင်္ဂီဘွဲ့ထူးရရှိသူ အမျိုးသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဧည့်သည်တော်များက ပြသထားသော အမျိုးသမီးရေးရာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရေဇွာမြို့၌ သောက်သုံးရေရရှိရေး ရေစုကန်ပြုပြင်

ဟားခါး ဇူလိုင် ၂၂

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ရေဇွာမြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဇူလိုင် ၁၂ ရက်က ဒုတိယဦးစီးမှူး ဦးလှိုင်ဦးနှင့်အဖွဲ့ဝင်များ မြို့နှင့်ခုနစ်မိုင်ခန့်ကွာဝေးသော သောက်သုံးရေစုကန် ပြုပြင်ခြင်းလုပ်ငန်းကို ဒေသခံပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားဖြင့် ရက်သတ္တတစ်ပတ်ကြာ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လားရှိုးမြို့အကျဉ်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

လားရှိုး ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အကျဉ်းဦးစီးဌာနဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက်စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို အကျဉ်းဦးစီးဌာန ဓမ္မာရုံ၌ ဇူလိုင် ၁၂ရက် နံနက် ၉ နာရီကကျင်းပရာ ရှေးဦးစွာတပ်ဦးကျောင်းတိုက် ဆရာတော်ထံမှတာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးဝင်းနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းဝင်းနှင့် ဝန်ထမ်းမိသားစုတို့က ဆရာတော်နှင့် သံဃာတော်တို့အား ဝါဆိုသင်္ကန်းကပ်လှူကြပြီး တပ်ဦးကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချအမျှပေးဝေ၍ ဆရာတော်နှင့် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

အရိပ်ရပင်များစိုက်ပျိုး

ဇူလိုင် ၃ ရက်က မတ္တရာမြို့တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှသိန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်ထမ်းများစုပေါင်း၍ ၂၂ လမ်းနှင့် မြနန္ဒာလမ်းတွင် လမ်းတစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံ့စေတီပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန် ဇူလိုင် ၁၂ ရက်က အလှူရှင် ရန်ကုန်မြို့ လမ်းမတော် ၇ လမ်း အမှတ် ၄၉ နေ ဦးအောင်ခင်-မသဇင်ညွန့်ဝေမိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းလက်ခံယူပြီး အလှူရှင်အား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ဝ၁၄)

အောင်လံမြို့၌ ခြင်ဆေးဖျန်း လုပ်ငန်းဆောင်ရွက်

အောင်လံ ဇူလိုင် ၁၂

သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့ပိုင်ဈေး၊ ဆေးရုံနှင့် စာသင်ကျောင်းများနှင့် ရေမြောင်းများအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ပန်းတောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောက်ပန်းတောင်း ဇူလိုင် ၂၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်သစ်တောဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဒုတိယအကြိမ်အဖြစ် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် ဇွန် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးလွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ဥက္ကဋ္ဌများ စုစုပေါင်းအင်အား ၁၀၅၀ တို့တက်ရောက်ကြပြီး မဲဇလီ၊ စိန်ပန်း၊ အော်ရေးရှား၊ စားတမာနှင့် ငုစပ်အစရှိသည့် အရိပ်ရပျိုးပင်ပေါင်း ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၁၂ရက်က ကျီးသဲ (အထက)(အမက) ချောင်း ဒေါင့်နှင့် အဖွဲ့ပိုင် ကျီးသဲ စည် ပင် သာ ယာ ဈေးတို့တွင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပခုက္ကူမြို့နယ်ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

ပခုက္ကူ ဇူလိုင် ၂၂

ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် ညနေပိုင်းက အမှတ်(၃)ရပ်ကွက် ဓမ္မပါလကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ ဓမ္မပါလကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအမှူးပြုသော ပင့်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်နှင့်ဇနီး၊ ဒုတိယမြို့နယ်ဦးစီး ဌာနမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုများတက်ရောက်ကြပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ တရားနာယူပူဇော်ကြောင်း သိရသည်။ (ဝ၇ဝ)

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမပေါ်တွင် ဒုဋ္ဌဝတီ မြစ်ကူးတံတားသစ် ဆောက်လုပ်လျက်ရှိ ပြီးစီးပါက နယ်စပ်ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်မြန်ဆန်လာမည်

သီပေါ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စု ကားလမ်းမပေါ်ကြီးတွင် တည်ရှိသော ဒုဋ္ဌဝတီမြစ်ကို ဖြတ်သန်းပြီး မြစ်ကူးတံတားသစ်ကြီးကို ၂၀၀၈ခုနှစ် မေ၂ရက် မှစတင်၍ အေးရှားဝေါလ်ကုမ္ပဏီ လီမိတက်၊ သီပေါသံကူကွန်ကရစ်တံတား ဆောက်လုပ်ရေးစီမံကိန်း(မန္တလေး-လားရှိုး)မှ တာဝန်ယူဆောက်လုပ်နေသော ဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီးမှာ (ယာပုံ)သံကူကွန်ကရစ် ဘုတ်တိုင်၊ အုတ်မြစ်သံမဏိ သံပေါင်တံတားအမျိုးအစားမှာ အလျား ၅၆၉ပေ၊ အနံ ၃၈ ပေ(လူသွားလမ်း နှစ်ဖက်ပါ) တံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်အားမှာ တန် ၆၀ ဖြစ်သည်။

အဆိုပါ တံတားကို ၂၀၁၀ ပြည့်နှစ်တွင် ဖွင့်လှစ်အသုံးပြုသွားနိုင်ရန်အတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်း ဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီး ဆောက်လုပ်ပြီးစီးပါက နယ်စပ်ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပါ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ (သတင်းမှတ်စု-စာပေနှင့်စာနယ်ဇင်း)

စမ်းချောင်းမြို့နယ် လင်းလွန်းပင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ရှေးဟောင်းသိမ်တော်ကြီးနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် အမှတ်၇၉(B) ဘရဏီ၂လမ်း တောင်ဥက္ကလာပနေ ဦးနေဝင်းအားရည်စူး၍ ဦးကြင်ဟုတ်- ဒေါ်မြကြွေနှင့် မောင်နှမတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဆရာတော်ဘဒ္ဒန္တ ဥတ္တမာစာရထံ ဆက်ကပ်လှူဒါန်းသည်။ **(ဝဲပုံ)**

<u>လှူဒါန်းနိုင်</u>

ပြုပြင်ဆဲ ကျောင်းဆောင်များအတွက် လှူဒါန်းလိုပါက လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်း-၅၃၇၆၅၇သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့ မောရွှေလီဓမ္မရိပ်သာ၌ အလှူငွေပေးအပ်

ပဲခူး ဇူလိုင် ၂၀

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗထူးလမ်းသွယ်ရှိ မောရွှေလီဓမ္မရိပ်သာတွင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ရှေးဦးစွာ သိမ်တော်ကြီးတည်ဆောက်ရန်အတွက် ပဲခူးမြို့နေ ဦးကျော်ဝင်း-ဒေါ်ခိုင်ခိုင်ဦး မိသားစုက ငွေကျပ်သုံးသိန်း၊ ပဲခူးမြို့နေ ဦးသန်းရွှေအားရည်စူး၍ ဒေါ်ခင်စန်းကြည် မိသားစုက ငွေကျပ်နှစ်သိန်းတစ်သောင်းနှင့် ရန်ကုန်မြို့ ပါရမီကွန်ဒိုနေ ဦးသောင်းရွှေ-ဒေါ်စန်းမြင့် မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပဓာနနာယက ဆရာတော် ဓမ္မာစရိယနယ်လှည့် ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အရှင်နန္ဒသာရ(မောရွှေလီ)ထံ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

<u>လှူဒါန်းနိုင်</u>

ယင်းကျောင်းဝင်းအတွင်းရှိ ပျက်စီးယိုယွင်းနေသော သမိုင်းဝင် ရှေးဟောင်းစေတီတော်၊ နှစ်ထပ်ဓမ္မာရုံ၊ ယောဂီဆောင်နှင့် ဆောက်လက်စ သိမ်တော်ကြီးတို့အတွက် ဖုန်း- ၀၉-၅၃-၀၁၄၃၉နှင့် ၀၅၂-၃၀၄၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သံတောင်ကြီးမြို့၌ သစ်ပင်စိုက်ပျိုး

သံတောင်ကြီး ဇူလိုင် ၁၆

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇူလိုင် ၃ရက်က ကရင်ပြည်နယ် သံတောင်ကြီးမြို့ အမှတ် (၄)ရပ်ကွက်၌ကျင်းပရာ အခမ်းအနားသို့ တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင် တက်ရောက်အားပေးကာ မဟော်ဂနီပင် စိုက်ပျိုးပေးပြီး အမှာစကားပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ပျိုးပင်များ ပေးအပ်သည်။

စိုက်ပျိုး

ထို့နောက် သစ်တောဦးစီးဌာန၏ ပျိုးပင်များ ဖြစ်သည့် ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယမနေနှင့် ပန်းအလှပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၁၀ရက်က ပန်းတနော်မြို့ ပန်းနံ့သာဈေး ရေမြောင်းများအတွင်းရှိ အမှိုက်များနှင့် နုန်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် ဈေးခေါင်းဦးမောင်မောင်ဆန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ဇွန်၁၆ရက်က ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈- ၂၀၀၉ ဘဏ္ဍာရေးနှစ်ဆောင်ရွက်သော စည်ပင်သာယာရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့က ပျိုးဥယျာဉ် ပျိုးထောင်ထားမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးစပါးအထူးအထွက်တိုးရေး ယင်းမာပင်၌ ဆွေးနွေး

ယင်းမာပင် ဇူလိုင် ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက မိုးစပါးအထူးအထွက်တိုးရေး ဆွေးနွေးဟောပြောပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊စစ်ကိုင်းတိုင်းစိုက်ပျိုးရေးရုံးမှလက်ထောက်မန်နေဂျာ ဒေါ်ချိုချိုမာ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ မိုးစပါး အထူးအထွက်တိုးရေး နယ်မြေများမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

<u>ဖြေကြား</u>

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း စိုက်ပျိုးရေးရုံးမှ လက်ထောက်မန်နေဂျာ ဒေါ်ချိုချိုမာက တစ်ဧက တင်း၁၀၀ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စနစ်တကျ သုံးစွဲရေးနည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသော တောင်သူများက မိုးစပါးအထူးအထွက်တိုးရေးနှင့်ပတ်သက်၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဇူလိုင်၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်က တစ်ဦးချင်း ထောက်ပံ့ငွေပေးအပ်စဉ်။

(၀၁၆)

ဘဝကိုတန်ဖိုးထားသူ လူငယ်မောင်မယ်များအတွက်

မောင်မွန်မြတ်၊ ကျေးလက်-မကွေး

လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုများ(၁)

မျိုးဆက်သစ်စာပေ ထွက်နေပါပြီ မွန်မြတ်စာပေ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၂၇၉၉ Benyi 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းလင်း ၁/မကန(ပြု) ၀၀၀၃၃၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ပြည်နယ်ရုံး)မြစ်ကြီးနားမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၅၆၈ မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းရီ ၁/မညန(နိုင်)၀၂၃၇၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ (ပြည်နယ်ရုံး)မြစ်ကြီးနားမြို့။

အမည်ပြောင်း

ဦးထွန်းရွှေ၏သား နိုင်ငံသားအမှတ် ၁၄/မအပ(နိုင်)၀၀၁၉၉၃ ကိုင်ဆောင်သူ ဦးမြလှိုင်အား ယနေ့မှစ၍ ဦးမြင့်စိုးဟုပြောင်းလဲခေါ်ပါရန်။ **ဦးမြင့်စိုး။**

TEST

Electronic Training

အီလက်ထရွန်နစ် ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုမည့်သူများသာ လာခဲ့ပါ။

ဖုန်း-၀၉-၅၀-၄၆၅၂၂။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၈၅၀၁ နီဆန်း ကွန်ဒါ CM 88 SE/ထရပ် 4 X 2R ရှိသူ ဦးလောက်စီး ၁၃ / ဟပတ (နိုင်) ၀၁၀၆၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဒေါ်သန်းသန်းကြည် **နှင့်** ဦးသန်းဦး

တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၁၁)ရှိ တရားမကြီးမှုအမှတ်-၂၄၂၃/၂၀၀၄တွင် ၂၇-၈-၂၀၀၇ ရက်စွဲပါ ငွေဒီကရီအပေါ် အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ တရားရုံးပိုင်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း ၂၀၀၈ခုနှစ် ဩဂုတ် ၂၉ရက် နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ် ၄၇၂/ခဟ ခေါ်တွင်သည့် ၃၈ပေ×၃၃ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀။

<u>**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**</u>

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းချသူအရာရှိမှ သတ်မှတ်သည့်အတိုင်း ရောင်းချလိမ့်မည်။

(၃) လေလံဈေးနှုန်းပေးဝယ်မည့်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။

(၄) လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

(၅) လေလံတင်ရောင်းချမည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။

(၆) လေလံဆွဲဝယ်ယူသူသည် တန်ဖိုးငွေ၏ ၂၅ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေကို လေလံတင်ရောင်းချသည့်ရက်အားပယ်၍ ၁၅ရက်မြောက်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

(၇) လေလံကျန်ငွေကို အထက်ပါနေ့ရက်တွင် ပေးသွင်းခြင်းပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(၈) လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းတရားရုံး ဘီလစ်ထံတွင် စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ကျော်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် အ/၈၅၇၅၏ အခွန်ကျေပုံစံ(၁) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဒေါ်ကျင်မွေး ဖုန်း-၅၆၃၂၉၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၀-H) မြေကွက်အမှတ်(II-၂) မြေအကျယ် ပေ(၄၀×၃၀) နှစ် ၉၀ မြေငှား ဂရန် မြေမျိုး၊ မြေအမည်ပေါက် ဒေါ်ရွှေမှန်ဟု မှတ်သားထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၀၊ ၄၈လမ်း၊ ၉ရပ်ကွက် ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော သုံးထပ်အိမ်ဟောင်း (မြေညီထပ် အပျောက်အိမ်ငှား)အပါအဝင် အကျိုးခံစားခွင့်များကို ဒေါ်ရွှေမှန်ထံမှ မှတ်ပုံတင်စာချုပ်အမှတ် ၁၂၄၈/၇၄ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ (၁)ဦးမျိုးအောင် O/RGN၀၀၉၆၉၉၊ (၂)ဦးမျိုးငွေ O/RGN၀၀၉၆၈၉(ကွယ်လွန်) ၎င်း၏ အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသောသမီး ဒေါ်လှဲ့လှဲ့မျိုးမော် ၁၂/ပဇတ(နိုင်)၀၂၆၃၀၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့် GREAT FATHER LAND Construction & Decoration Co.,Ltd. က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်ပါသည်။

၂။ ဤအရောင်းအဝယ်ကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေကွက်နှင့် အိမ်ဟောင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်သွင်း ချုပ်ဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ်-၂၀၂(ဒီ)၊ သုံးလွှာ၊ တိုက် ၉/၁၁၊
၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀-၃၁၈၁၀၊ ၀၉-၅၀-၃၇၀၈၁။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း

သတင်းဆောင်းပါးအညွှန်း

မြန်မာ့လယ်ယာစိုက်ပျိုးရေး တောင်သူများအတွက် သတင်းကောင်း ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ၏ အကျိုးပြုပုံနှင့် ထူးခြားမှုများ

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ-၉

ရုပ်ရှင်ဇာတ်ကားတစ်ကားကို တစ်ဦးတည်း မရိုက်ကူးဘဲ စုပေါင်းအကုန်အကျခံရိုက်ကူးရင် အကျိုးအမြတ်နည်းပေမယ့် ရုပ်ရှင်ကားတွေ များများထွက်ပြီး ပြည်ပကို ထိုးဖောက်နိုင်မည်

မိုးမြင့်လင်းလက်၏ သူ့အတွေးအမြင် စာ-၁၁

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စု(ဆ) ပတ်လည်ပွဲစဉ်များကို ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ဘောလုံးကစားကွင်း အမှတ်(၁)နှင့် ပေါင်းလောင်း ဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း အမှတ်(၁)၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

အဆိုပါပွဲစဉ်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက ၁၁ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပေါင်းလောင်းဘောလုံးကစားကွင်း၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

ဇူလိုင် ၂၈ရက် (တနင်္လာနေ့)တွင် နေပြည်တော်ဘောလုံးကစားကွင်းအမှတ်(၂)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့သည် အုပ်စု(ဇ)ပွဲစဉ်များအဖြစ် အသီးသီး ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

27-7 (20).pmd 1 7/28/2008, 2:10 AM